ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်၊ တနင်္ဂနွေနေ့၊ (30-9-2012) (၇၂၅၉)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မက်ထရိုပိုလီတန်အနုပညာပြတိုက် လေ့လာ ပြတိုက်သို့ အလှူငွေနှင့် အမှတ်တရလက်ဆောင်တို့ကို ပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၉

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် နယူးယောက်မြို့ရှိ မက်ထရိုပိုလီတန်အနုပညာပြတိုက် (The Metropolitan Museum of Art) ကို သွားရောက်ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ပြတိုက်သို့ရောက်ရှိလာရာ ပြတိုက်မှ အမှုဆောင်ဒါရိုက်တာ Mr. John Guy နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးယောက်မြို့ရှိ မက်ထရိုပိုလီတန်အနုပညာပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတက ပြတိုက်သို့ အလှူငွေနှင့် အမှတ်တရလက်ဆောင်တို့ကို ပေးအပ်ပြီး ပြတိုက်အတွင်းရှိ Great Hall Balcony ခန်းမ၊ တရုတ်၊ အရှေ့တောင်အာရှနိုင်ငံများ၊ ဂျပန်၊ အမေရိကန်၊ အီဂျစ်၊ ဗြိတိန်နှင့် ဥရောပနိုင်ငံများ၏ ရှေးဟောင်းအနုပညာလက်ရာပြခန်းများ၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂီတအနုပညာပစ္စည်းများပြခန်းနှင့် Velez Blanco ပြခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါ ပြတိုက်သည် အမေရိကန်ပြည်ထောင်စုတွင် အကြီးဆုံးပြတိုက်ကြီးဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး အနုပညာပြတိုက်တွင် တစ်ခုအပါအဝင်ဖြစ်သည်။ ပြတိုက်ကို ၁၈၇၀ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၈၇၂ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပြတိုက်တွင် ကမ္ဘာတစ်ဝန်းရှိ ရှေးဟောင်းအနုပညာလက်ရာများ၊ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများကို စုစည်းပြသထားသည်။ ပြတိုက်သို့ ၂၀၁၁ ခုနှစ်တွင် ဧည့်သည် ၅ ဒသမ ၄သန်း လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သတင်းဌာနများမှ သတင်းထောက်များအား လက်ခံတွေ့ဆုံ အမေရိကန်-မြန်မာ ဆက်ဆံရေးနှင့် ပြည်တွင်းရေးရာမေးမြန်းချက်များအား ရှင်းလင်းဖြေကြား

နေပြည်တော် စက်တင်ဘာ ၂၉

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စက်တင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ ဘီဘီစီ၊ ဗွီအိုအေ၊ ဒီဗွီဘီ၊ အာရ်အက်ဖ်အေနှင့် မြန်မာနေရှင်နယ်တီဗွီတို့မှ သတင်းထောက်များအား လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် သတင်းထောက်များက လက်ပန်းတောင်းတောင် သတ္တုတွင်းလုပ်ငန်းနယ်မြေအတွင်းမှ ကျေးရွာများ ရွှေ့ပြောင်းရေးကိစ္စ၊ ကေအိုင်အေအဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးနေမှု၊ အမေရိကန်-မြန်မာဆက်ဆံရေး၊ ဒီမိုကရေစီစနစ်ပြုပြင်ပြောင်းလဲရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံမှပို့ကုန်များ ပြန်လည်တင်သွင်းခွင့်ပြုသည့်အပေါ် အကျိုးသက်ရောက်နိုင်မှုအခြေအနေ၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် သဘောထားအမြင်၊ အမေရိကန်-မြန်မာတပ်မတော်များအကြား အနာဂတ်ဆက်ဆံရေးအလားအလာ၊ မြန်မာနှင့် အမေရိကန်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအလားအလာ စသည်တို့ကို မေးမြန်းကြရာ နိုင်ငံတော်သမ္မတက မေးခွန်းတစ်ခုချင်းစီအား အကျယ်တဝင့် ရှင်းလင်းဖြေကြားသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့✳

မေးမြန်းမှုများ ဖြေကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘီဘီစီ၊ ဗွီအိုအေ၊ ဒီဗွီဘီ၊ အာရ်အက်ဖ်အေနှင့် မြန်မာနေရှင်နယ်တီဗွီတို့မှ သတင်းထောက်များအား တွေ့ဆုံ၍ မေးမြန်းမှုများကို ဖြေကြားစဉ်။ (သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

နှစ်ပေါင်း ၈၀ ကျော်က ကျောက်ထက်အက္ခရာတင် ပိဋကတ်များ မိတ္ထီလာတွင် လေလုံမိုးလုံ ပိဋကတ်တိုက်များဖြင့် ထိန်းသိမ်းထားရှိ
ပြည်တွင်း စာမျက်နှာ ➢ ၂

အော်စကာဆုအတွက် စပိန် အသံတိတ်၊ ဖြူ-မည်းရုပ်ရှင်အား လျာထား
အနုပညာ စာမျက်နှာ ➢ ၁၀

အာရှမှ စစ်မီးထတောက်နိုင်သည့် အန္တရာယ်ဒေသများ
နိုင်ငံတကာ စာမျက်နှာ ➢ ၅

စပိန်ကြယ်ပွင့်နှစ်ဦး၏ သွင်းဂိုးများဖြင့် အာဆင်နယ်ကို အနိုင်ယူပြခဲ့တဲ့ ချယ်လ်ဆီး
အားကစား စာမျက်နှာ ➢ ၁၀

ကြေးမုံစာတည်းရှုထောင့် ၃၀-၉-၂၀၁၂[တနင်္ဂနွေနေ့]။

ခရီးသွားနေသည်

၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသည် ခုနစ်ဘီလီယံအထိရှိလာသည်။ ၂၀၅၀ ခုနှစ်အရောက်တွင် ကမ္ဘာ့လူဦးရေ ကိုးဘီလီယံအထိ ရှိလာမည်ဟု ခန့်မှန်းထားကြသည်။ ထိုသို့ ၃၈ နှစ်တာကာလအတွင်း တစ်ဘီလီယံ တိုးလာသည်မှာ နိုင်ငံများအတွက် ကြီးမားသည့် စိန်ခေါ်မှုပင်ဖြစ်သည်။

ယင်း၏ အကျိုးသက်ရောက်မှုများကို ကမ္ဘာ့နိုင်ငံကြီးများ ကြုံတွေ့ခံစားကြရမည်သာဖြစ်၏။ ကြုံတွေ့မှုများအတွက် အခက်အခဲများရှိသကဲ့သို့ အဆိုးထဲမှ အကျိုးလည်းရှိမည်ဖြစ်၏။ အထူးသဖြင့် စားနပ်ရိက္ခာ၊ ရေ၊ စွမ်းအင်၊ အဆောက်အအုံတို့သာမက သဘာဝပတ်ဝန်းကျင်တို့သည် သတိပြုစရာအချက်များဖြစ်၏။

ထိုရင်ဆိုင်ရမည့်စိန်ခေါ်မှုများတွင် လူသားဆိုင်ရာအကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် အလေးထားဆောင်ရွက်ရမည့်လုပ်ငန်းများမှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေးနှင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေးလုပ်ငန်းများသည် ဖွံ့ဖြိုးပြီးနိုင်ငံများထက် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးပါသည့်ကိစ္စရပ်များဖြစ်သည်။

နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေးတွင် ပြည်ပပို့ကုန်ထက် လွယ်လင့်တကူရရှိနိုင်သော လုပ်ငန်းတစ်ခုမှာ ခရီးသွားလုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ထိုလုပ်ငန်းကို မီးခိုးမထွက်သောစက်ရုံဟု တင်စားခေါ်ဝေါ်ကြလေသည်။ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် လက်ရှိကာလ၌ ခရီးသွားလုပ်ငန်းဖြင့် ဝင်ငွေကောင်းလျက်ရှိရာ နှစ်စဉ်ခရီးသွား သန်းဆယ်ဂဏန်းမျှ ဝင်ရောက်လျက်ရှိသည်။

ကျွန်ုပ်တို့နိုင်ငံအနေဖြင့်လည်း ကုလသမဂ္ဂကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ကြီးသို့ ယခုနှစ်ဇွန်လက အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံ၏ အနာဂတ်ခရီးသွားလုပ်ငန်းမှာ အလားအလာကောင်းသည့် အားသာချက်များ ပြည့်လျှမ်းနေသည်ဟု ခန့်မှန်းသုံးသပ်ပြောကြားထားမှုများရှိသည်။

လက်ရှိတွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှုမှာ ယခင်ထက်စာလျှင် သိသာစွာတိုးတက်လျက်ရှိပြီး တိုင်းပြည်၏ တိုးတက်ပြောင်းလဲမှုများ၏ အကျိုးရလဒ်များအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။ ထိုနေရာတွင် နိုင်ငံအေးချမ်းသာယာမှုသည် အရေးကြီးသည့်အချက်ဖြစ်သည့်အပြင် ခရီးသွားများအတွက် နှစ်သက်ဖွယ်နေရာများဖြစ်စေရန် စီမံဖန်တီးထားနိုင်မှုသည်လည်း အထူးလိုအပ်လှသည်။

ယမန်နှစ်အတွင်းက တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လာခဲ့ကြသည့်ခရီးသွားများမှာ ရှစ်သိန်းကျော်အထိရှိခဲ့သည်။ ရန်ကုန်နှင့် မန္တလေးနိုင်ငံတကာလေဆိပ်များမှ ဝင်ရောက်လာသောအရေအတွက်သည် ပြီးခဲ့သည့် ဩဂုတ်လကုန်အထိ ခရီးသွား သုံးသိန်းခွဲခန့်အထိ လေကြောင်းမှ ဝင်ရောက်လာခဲ့ရာ ယခင်နှစ်ကထက် ၄၀ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရသဖြင့် တစ်သန်းနီးနီးဖြစ်ထွန်းသည်ဟုဆိုရမည်။

ယမန်နှစ်က နိုင်ငံများသို့ ဝင်ရောက်လည်ပတ်သည့် အရေအတွက်မှာ တစ်ဘီလီယံခန့်အထိရှိသဖြင့် ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၃၀ ဘီလီယံခန့်ရရှိသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းသည် ဝင်ငွေအဆ ထောင်ချီရသည့်လုပ်ငန်းဖြစ်၍ နိုင်ငံခြားဝင်ငွေတိုးပွားရေးအတွက် အလေးထားစရာလုပ်ငန်းဖြစ်သည်။ လက်ရှိ ကမ္ဘာ့လူဦးရေ ခုနစ်ဘီလီယံတွင် တစ်နှစ်အတွင်း တစ်ဘီလီယံ ခရီးသွားနေသည်မှာလည်း အံ့ဩဖွယ်ဖြစ်သည်။

ထို့အပြင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အစားအသောက်၊ တည်းခိုနေထိုင်မှု၊ ပို့ဆောင်ရေးလုပ်ငန်းမှစ၍ အလုပ်အကိုင်မျိုးစုံဖန်တီးပေးနိုင်သည့်လုပ်ငန်းဖြစ်ရာ အမျိုးသားအကျိုးစီးပွားကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်သည့် လုပ်ငန်းဟုဆိုရမည်ဖြစ်သည်။

ထိုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့နိုင်ငံ၏ပုံရိပ်များ ကောင်းနေစေရန်အတွက်လည်း ဖန်တီးထားရမည်ဖြစ်သည်။ ခရီးသွားများနှင့် သက်ဆိုင်ရာ ရုပ်ဝတ္ထုနယ်ပယ်များအားလုံးတွင် ထိန်းသိမ်းမှု၊ တာဝန်ယူမှုနှင့် စီမံခန့်ခွဲမှုများမှအစ ခရီးသွားများ နှစ်သက်လက်ခံစွဲဆောင်မှုရှိစေရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာ၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာမည့် ခရီးသွားလုပ်ငန်း ပိုမိုပြီပြင်ဖွံ့ဖြိုးတိုးတက်လာမှုများသည် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်လာစေမည်ဖြစ်သကဲ့သို့ ပြည်သူလူထု၏စီးပွားရေးအခြေအနေလည်း တိုးတက်လာစေမည်မှာ အမှန်ဖြစ်ပါသည်။ ။

နှစ်ပေါင်း ၈၀ ကျော်က ကျောက်ထက်အက္ခရာတင် ပိဋကတ်များ မိတ္ထီလာတွင် လေလုံမိုးလုံပိဋကတ်တိုက်များဖြင့် ထိန်းသိမ်းထားရှိ

မိတ္ထီလာ စက်တင်ဘာ ၂၉

ပိဋကတ်သုံးပုံ၏အဖွင့်ဖြစ်သော အဋ္ဌကထာပါဠိများကို ကျောက်ထက်အက္ခရာတင်လျက် မိတ္ထီလာမြို့ ထီးသုံးဆင့်စေတီတော်ပရဝုဏ်အတွင်း ပိဋကတ်တိုက်တော်ကြီးများဖြင့် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်မှာ နှစ်ပေါင်း ၈၀ ကျော်ရှိပြီဖြစ်ကြောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။ (ယာပုံ)

"ဘုရားဒါယကာ ဦးလှိုင်း၊ ဘုရားဒါယိကာမ ဒေါ်အိမ်ငြိမ်းတို့က ကုန်ကျငွေများကို ကြီးမှူးမတည်တယ်။ ဒေသခံပြည်သူများ၊ရပ်ဝေးရပ်နီးအလှူရှင်များကလည်း လှူဒါန်းပါဝင်တယ်။ ပြောရရင် အများကောင်းမှုနဲ့ ကျောက်ထက်အက္ခရာတင် ပိဋကတ်စာပေတိုက်ကြီးတွေ ထားရှိပူဇော်နိုင်ခဲ့တာဖြစ်ပါတယ်။ ဝိနည်းငါးကျမ်း ကျောက်ချပ်ရေ ၁၁၄ ချပ်၊ သုတ်သုံးကျမ်း ၇၄ ချပ်၊ အဘိဓမ္မာ ခုနစ်ကျမ်း ၁၀၆ ချပ်၊ ပဏ္ဏာသ သုံးကျမ်း ၁၀၅ ချပ်၊ သံယုတ် ငါးကျမ်း ၇၈ ချပ် ၊ အင်္ဂုတ္တိုရ် ခုဒ္ဒကပါဠိ ၁၂၀ ချပ် စုစုပေါင်း ကျောက်ချပ်ရေ ၅၉၇ ချပ်ကို မြန်မာသက္ကရာဇ် ၁၂၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၁ ရက်နေ့မှာ စတင်ထုလုပ်အက္ခရာရေးထိုးခဲ့တာ ၁၂၉၀ ခုနှစ် နယုန်လပြည့်ကျော် ၁ ရက်နေ့မှာ ပြီးစီးခဲ့ပါတယ်။ အဲဒီ ကျောက်ထက်အက္ခရာတင် ပိဋကတ်စာပေကျောက်ချပ်တွေ အုတ်ပိဋကတ်တိုက် ခုနစ်တိုက်ထဲမှာ မိုးလုံလေလုံ မပျက်မစီး မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ထားရှိပါတယ်။"

အဆိုပါပိဋကတ်တိုက်တော်များ တည်ရှိရာနေရာ ထီးသုံးဆင့်စေတီတော် အနီးတွင် ရွှေမြင်မိစေတီတော်၊ လေးမျက်နှာစေတီတော်များတည်ရှိပြီး ထီးသုံးဆင့်စေတီတော်နှင့်ကပ်လျက် ရင်ပြင်တော်တွင်မူ သက္ကရာဇ် ၄၁၆ ခုနှစ် ပုဂံခေတ် အနော်ရထာမင်းကြီးလက်ထက် ရှင်အရဟံ ရဟန္တာမထေရ်မြတ် သမုတ်တော်မူခဲ့သည့် သိမ်ဝိုင်းဝင်ထီးသုံးဆင့်စေတီတော်ဖြစ်ကြောင်း သိရသည်။ (၅၇၉)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၉ - ၉ - ၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၆၁. ၀၀၀	၀. ၀၀၁၁၇
ထိုင်း (ဘတ်)	၃၀. ၈၃၄၉	၀. ၀၃၂၄၃
တရုတ် (ယွမ်)	၆. ၂၈၅၇၀	၀. ၁၅၉၀၉
အိန္ဒိယ(ရူပီး)	၅၂. ၈၄၈၀	၀. ၀၁၈၉၂
မလေးရှား (ရင်းဂစ်)	၃. ၀၅၅၇၀	၀. ၃၂၇၂၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၇၄၀	၀. ၈၁၄၇၃
ဂျပန် (ယန်း)	၇၇. ၉၉၅၀	၀. ၀၁၂၈၂
တောင်ကိုရီးယား(ဝမ်)	၁၁၁၃. ၃၀	၀. ၀၀၀၉၀
ယူရို	၀. ၇၇၇၇၅	၁. ၂၈၅၇၆
ဗြိတိသျှ (ပေါင်)	၀. ၆၁၈၇၂	၁. ၆၁၆၂၅

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃၀-၉-၂၀၁၂ (တနင်္ဂနွေနေ့)

၇း၀၃ တရားတော်
၈း၁၀ မြန်မာစာမြန်မာစကား(၁၁)
၁၁း၁၅ သာယာသီကြွေး
ခေတ်ဆန်းတေး
၁၁း၂၉ **ကာတွန်းအစီအစဉ်**
-ကမ္ဘာကျော်အိပ်ရာဝင်ပုံပြင်များ(အပိုင်း-၆)
၁၁း၄၅ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်**
-သုံးဆယ်ကျော်အိပ်မက်
၁း၃၇ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-ရှင်သန်နေသရွေ့
(အပိုင်း-၆၅)
၅း၂၃ ဒိဇိုင်နာတို့ရဲ့ဒိဇိုင်း
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
"ပိုးစုန်းကြူးပမာ"
(အပိုင်း-၁၃)
-ပဟေဠိနန်းတော်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"ကိုယ့်စတိုင်လ်နဲ့သူ့စပိုင်"
(အပိုင်း-၄)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"နှုတ်ဖျားထက်ကသစ္စာ"
(အပိုင်း-၂၂)

သွေးသည် အသက်

သူ့စည်းကမ်း ကိုယ့်စည်းကမ်း လိုက်နာကျင့်သုံးကြမည်ဆိုလျှင်

ရန်ကုန်မြို့တွင်းတွင် ခရီးသည်ယာဉ်လိုင်းများ အများအပြား ပြေးဆွဲလျက်ရှိသည်။ အဆိုပါ မောင်းနှင်ပြေးဆွဲနေသော ယာဉ်လိုင်းများတွင် နေ့စဉ်နှင့်အမျှ လိုက်ပါစီးနင်းကြသော ခရီးသည်များနှင့် ယာဉ်မောင်းသူ၊ ယာဉ်နောက်လိုက်များအကြား ပြဿနာများဖြစ်ပွားနေကြသည်ကို နေ့စဉ်ထုတ်သတင်းစာများတွင် ရုပ်ပြကာတွန်းများဖြင့်လည်းကောင်း၊ ပြည်သူ့ထံမှပေးစာများဖြင့်လည်းကောင်း၊ မိမိတို့တွေ့ကြုံခဲ့ရသော ဖြစ်ရပ်များကို သတင်းမှတ်စု၊ ဆောင်းပါးများဖြင့်လည်းကောင်း၊ ဓာတ်ပုံမြင်ကွင်းများဖြင့်လည်းကောင်း ပုံစံအမျိုးမျိုးဖြင့် ဖော်ပြထားသည်ကို အမြဲလိုလို တွေ့မြင်ဖတ်ရှုရသည်။

ခရီးသည်များ၏ကြုံတွေ့ခဲ့ရသောဖြစ်ရပ်များမှာ ယာဉ်စီးရာတွင် ယာဉ်စီးခပေးပြီး ပိုသောငွေများ ပြန်မအမ်းခြင်း၊ ယာဉ်စီးခများသတ်မှတ်နှုန်းထက်ပို၍ ကောက်ယူခြင်း၊ လိုက်ပါစီးနင်းသော ခရီးသည်များကို ရိုင်းပျသောစကားလုံးများဖြင့် မောက်မာစွာ ဆက်ဆံခြင်း၊ အမျိုးသမီးများကို ကားပေါ်ဆွဲတင်ရာမှ အရှက်သိက္ခာထိပါးစေခြင်း၊ ကားပေါ်တွင် "သံဃာတော်များကို ဦးစားပေးပါ"စာသားကပ်ထားသော်လည်း မလိုက်နာခြင်း၊ ကားမှတ်တိုင်တိုင်းတွင် အတင်းဆွဲတင်၊ ဆွဲချပြုလုပ်ခြင်း၊ သတ်မှတ်ထားသော မှတ်တိုင်များတွင် ကားရပ်တန့်မှုမပြုခြင်း၊ မှတ်တိုင်များတွင် သတ်မှတ်ချိန်ထက် ကျော်လွန်ရပ်တန့်၍ ခရီးသည်တင်ဆောင်ခြင်း၊ ကားကျပ်ခြင်းနှင့် သတ်မှတ်အရှိန်နှုန်းထက် မောင်းနှင်ခြင်းများ စသည်တို့ကို ဖော်ပြထားသည်။

နေ့စဉ်နှင့်အမျှ လိုက်ပါစီးနင်းကြကုန်သော ခရီးသည်တို့၏ ကြုံတွေ့ခဲ့ရသော ပြဿနာများကို အဆင်ပြေစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး သက်ဆိုင်ရာတာဝန်ရှိသူများမှ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ မြို့တွင်း၌ မောင်းနှင်ပြေးဆွဲအသုံးပြုနေသော ယာဉ်များ၊ ယာဉ်နောက်လိုက်များ လိုက်နာရမည့် စည်းကမ်းများနှင့် ကျင့်ဝတ်များကို လိုက်နာမှုရှိစေရေး၊ ခရီးသည်များ၏ အခက်အခဲများကို အဆင်ပြေစေရေးအတွက် နေ့စဉ်ထုတ်သတင်းစာ၊ စာစောင်များတွင် အသိပေးကြော်ငြာပေးလျက်ရှိသည်ကို တွေ့ရသည်။

အလားတူ ယာဉ်လိုင်းများမှာလည်း မိမိမောင်းနှင်ပြေးဆွဲနေသော ယာဉ်လိုင်းနှင့်ပတ်သက်သည့် စည်းကမ်းချက်များ၊ ယာဉ်နောက်လိုက်များ၏ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်လျက်ရှိသော်လည်း တချို့သောယာဉ်လိုင်းများမှာ လိုက်နာမှုများ အားနည်းနေသည်ကို သိရသည်။

လိုက်ပါစီးနင်းနေကြသော ခရီးသည်များကလည်း အထက်ဖော်ပြပါ ပြဿနာများ ဖြစ်ပွားမှုလျော့ပါးအောင် သတိထားရှောင်ကြဉ်ရန် လိုအပ်လှသလို မိမိတို့ဘက်မှလည်း ယာဉ်စီးရာတွင် ယာဉ်ပေါ်တွင်ပါရှိသော စည်းကမ်းများ၊ လမ်းနှင့်ပတ်သက်သော လမ်းစည်းကမ်းများကို လိုက်နာကျင့်သုံးရန် လိုအပ်လှပေသည်။ တချို့ခရီးသည်များသည် ယာဉ်စီးရာတွင် သတ်မှတ်ထားသော မှတ်တိုင်များတွင် လိုက်ပါစီးနင်းခြင်းမပြုဘဲ လမ်းခုလတ်မှ အလွယ်တကူ ယာဉ်ကိုတား၍ စီးနင်းကြသည်။ မီးပွိုင့်ရှိသော၊ ယာဉ်မရပ်ရသော နေရာများ၊ ခရီးသည်အတင်အချမပြုလုပ်ရသော နေရာများတွင် ခရီးသည်များမှာ ယာဉ်နောက်လိုက်ကတားမြစ်ကာ ဆင်းခွင့်မပြုသော်လည်း ပြေးဆင်း၊ ပြေးတက် ပြုလုပ်ကြသည်။ ထို့အပြင် စီးနင်းလိုက်ပါကြသော ခရီးသည်များသည် ယာဉ်အတင်အချပြုလုပ်သော တံခါးပေါက်ဝတွင် ပိတ်ဆို့စီးနင်းခြင်း၊ မတော်တဆ ပြုတ်ကျပါက ယာဉ်နှင့်တကွ ယာဉ်နောက်လိုက်ပါ တာဝန်ရှိသည့်အတွက် ပြောဆိုသော်လည်း ဂရုမစိုက်ရပ်မြဲတိုင်းရပ်ကာ စီးနင်းလိုက်ပါကြသည်။ ယာဉ်ပေါ်တွင် "ကွမ်းတံတွေး မထွေးရ၊ အမှိုက်မပစ်ရ၊ လက်ကိုင်ဖုန်းမပြောရ" စသည့် စာသားများ ကပ်ထားသော်လည်း ယာဉ်ပေါ်မှ အဆိုပါအပြုအမူများကို လိုက်နာမှုမရှိဘဲ စည်းကမ်းမဲ့စွာ ပြုလုပ်နေကြသည်။

ယင်းအပြင် သံဃာတော်များ လမ်းခုလတ်မှလိုက်ပါစီးနင်းလာသော်လည်း ခရီးသည်တချို့မှာ "သံဃာတော်များ ဦးစားပေးပါ" ဆောင်ပုဒ်ကို သတိမမူဘဲ မသိသလိုနေ၍ ထိုင်ခုံတွင်နေမြဲတိုင်းနေနေကြသော ခရီးသည်များလည်း ရှိကြသည်။

ထို့ကြောင့် ခရီးသည်ပို့ဆောင်ရေးတွင် မောင်းနှင်ပြေးဆွဲနေကြသော ခရီးသည်ယာဉ်လိုင်းများသည်လည်း မိမိတို့လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ကြရန် လိုအပ်သလို၊ နေ့စဉ်နှင့်အမျှ လိုက်ပါစီးနင်းကြကုန်သော ခရီးသည်တို့မှလည်း မိမိတို့ဘက်မှ စောင့်ထိန်းရမည့် ယာဉ်ပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းပေါ်တွင်လမ်းစည်းကမ်းများကို လိုက်နာကျင့်သုံးကြမည်ဆိုပါက အဆိုပါပြဿနာများမှာ လျော့ပါးပျောက်ကွယ်သွားမည်မှာ အသေအချာပင်ဖြစ်မည်။ ထို့အတူ ယာဉ်နောက်လိုက်များမှ ခရီးသည်များအား ရိုင်းပျသော စကားလုံးများဖြင့် မောက်မာစွာဆက်ဆံလာပါက ယာဉ်ပေါ်တွင် ကျေနပ်မှုမရှိပါက တိုင်ကြားနိုင်သော ဖုန်းနံပါတ်ကို တပ်ဆင်ထားရာ ထိုတယ်လီဖုန်းနံပါတ်များမှတစ်ဆင့် သက်ဆိုင်ရာတာဝန်ရှိသူများထံဆက်သွယ်၍ မိမိ၏အခက်အခဲပြဿနာများအား အသိပေးတိုင်ကြားနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။ **(ဇင်ဘို)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးယောက်မြို့ မက်ထရိုပိုလီတန်အနုပညာပြတိုက်သို့ အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (သတင်း-ရွှေဖုံး)
(သတင်းစဉ်)

❊ ရွှေဖုံးမှ

ထို့နောက် ညနေ ၃ နာရီခွဲတွင် ခေတ္တတည်းခိုသည့် The Mark ဟိုတယ်ဧည့်ခန်းမ၌ အမေရိကန်ပြည်ထောင်စု The New York Times သတင်းစာမှ ပင်တိုင်ဆောင်းပါးရှင် Mr. Bill Keller က လာရောက်တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းရာ နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

☆ ကျောဖုံးမှ

မြန်မာနိုင်ငံကို တိုးတက်စေချင်သည့် စိတ်ထားများရှိသည်ကို သိရှိရသဖြင့် များစွာ ဝမ်းမြောက်ရပါကြောင်း၊ မြန်မာနိုင်ငံတွင် ယခုအခါ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲကျင့်သုံးနေပြီး မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏ဆန္ဒဖြစ်သည့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှေးရှုဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံရေးတည်ငြိမ်မှုရှိရန်နှင့် နယ်စပ်ဒေသများရှိ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန် ဆောင်ရွက်လျက်ရှိရာ ယခုအခါ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရရှိနေပြီး လက်နက်ကိုင်အဖွဲ့ ၁၁ ဖွဲ့အနက် ၁၀ ဖွဲ့နှင့် ညှိနှိုင်းသဘောတူညီမှုများရရှိပြီးဖြစ်ကာ ကျန်အဖွဲ့ဖြစ်သည့် ကေအိုင်အေအဖွဲ့နှင့်လည်း ထိတွေ့ဆက်ဆံလျက်ရှိပါကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ သွားလာနေထိုင်ရေး၊ ဝင်ငွေတိုးတက်ရေးစသည်တို့အတွက် လိုအပ်ချက်များစွာကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့တစ်ခုတည်းကသာ လုပ်ကိုင်ဆောင်ရွက်ပေး၍ဖြင့်မရနိုင်ဘဲ ပြည်သူများကပါ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြည်ပရောက် မြန်မာမိသားစုများကပါ ဝိုင်းဝန်းပါဝင် လုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးက နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေသည့် မြန်မာမိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကချင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့် လွှတ်တော်ကိုယ်စားလှယ်(၄၉)ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၀)ခု မေးမြန်းဖြေကြားခြင်း၊ ကချင်ပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်၊ လွှတ်တော်ကော်မတီများ သက်တမ်းတိုးခြင်း၊ ကော်မတီအဖွဲ့ဝင်များ အစားထိုးပြင်ဆင်ခြင်း၊ ကချင်ပြည်နယ်လွှတ်တော်ကော်မတီ(၇)ခု အသစ်ထပ်မံ တိုးချဲ့ဖွဲ့စည်းနိုင်ရန် ကော်မတီများတွင် ပါဝင်ဖွဲ့စည်းမည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်ကြပြီး အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

မွန်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယမန်နေ့နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၄)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို(၇)ခု တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းနှင့် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေး ညနေ ၃ နာရီ ၅၅ မိနစ်တွင် ပြီးဆုံးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး လွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးထိန်လင်း၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၂)ခု မေးမြန်းဖြေကြားခြင်း၊ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်း လျာထားချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အဆိုများ တင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း၊ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြပြီး အစည်းအဝေးကို ညနေ ၃ နာရီတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၂၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃၊ ကော်လံ ၅၊ စာပိုဒ် ၂၊ စာကြောင်းရေ ၈ ပါ ၂၀ ရာစု(အစား) ၂၁ ရာစုဟု ပြင်ဆင်ဖတ်ရှုပါရန်။ (ကြေးမုံ)

စားအုန်းဆီ လက်ကားဈေးများကျသော်လည်း လက်လီဈေးနှုန်းကျဆင်းမှုမရှိ

ရန်ကုန် စက်တင်ဘာ ၂၉

ပြည်တွင်း စားအုန်းဆီ လက်ကားဈေးနှုန်းများ ကျဆင်းသော်လည်း ဈေးကွက်အတွင်း လက်လီဈေးနှုန်းများ ကျဆင်းမှုမရှိကြောင်း သိရသည်။

စက်တင်ဘာ ၂၈ ရက် စားအုန်းဆီ လက်ကားဈေးနှုန်းမှာ ကျပ် ၁၄၉၀ ရှိ၍ ပြည်ပ မလေးရှား စားအုန်းဆီ FOB တစ်တန် ဈေးနှုန်းမှာ ဒေါ်လာ ၉၀၀ နှုန်းရှိပြီး ဆိပ်ကမ်းရောက် တစ်ပိဿာဈေးနှုန်းမှာ ငွေလဲနှုန်း ၈၄၈ ကျပ်ဖြင့် တွက်မည်ဆိုပါက အရင်းဈေးတစ်ပိဿာ ကျပ် ၁၄၉၁ သာရှိကြောင်း သိရသည်။

စားအုန်းဆီဈေးနှုန်းများ ကျဆင်းချိန်တွင် မြေပဲဆီလက်ကားဈေးနှုန်းမှာလည်း စက်တင်ဘာ ၂၈ ရက်တွင် တစ်ပိဿာလျှင် ကျပ် ၄၃၀၀ နှုန်းသို့ကျဆင်းလာကြောင်း၊ လက်ကားဈေးနှုန်းကျပ် ၃၀၀ သို့ ကျဆင်းလာကြောင်း သိရသည်။

၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် စားအုန်းဆီတစ်ပိဿာဈေးနှုန်း ကျပ် ၂၆၀၀၊ ၂၀၀၉ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် ကျပ် ၁၈၆၅၊ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာ ၂၈ ရက်တွင် ကျပ် ၂၀၃၅၊ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် ကျပ် ၁၆၈၀၊ ယခုနှစ် စက်တင်ဘာ ၂၈ ရက်တွင်မူ ကျပ် ၁၄၉၀ သာရှိခဲ့သောကြောင့် ငါးနှစ်တာနှိုင်းယှဉ်ချက်များအရ ယခုနှစ်သည် ဈေးနှုန်း အနည်းဆုံးဖြစ်ကြောင်း သိရသည်။

လက်ကားဈေးနှုန်းများ ကျဆင်းနေချိန်တွင် ပြင်ပဈေးကွက်တွင် လက်လီ ၁၀ သားလျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူစားသုံးနေရကြောင်း ကျောက်တံတားမြို့နယ်နေ အိမ်ရှင်မတစ်ဦးက ပြောသည်။ (နိုင်ဦး)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃၀-၉-၂၀၁၂ (တနင်္ဂနွေနေ့)

၅း၄၀	"အမြဲသစ်နေသော အဟောင်းဆုံးနှင့်အကောင်းဆုံး တရားတော် (သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ)
၉း၁၀	Tiger Supply ၏ Cosmetics Seminar ပွဲ
၁၂း၃၀	Kid's Show
၄း၅၀	ဆန်းသစ်ကာပင် ဒီဇိုင်းယဉ် Lady Luck ဖန်ဆင်းရှင်
၅း၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနုရောင်လက်ထပ်ခွင့်" (အပိုင်း-၃)**
၆း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သမုဒ္ဒရာခြားသော်လည်း" (အပိုင်း-၂)**
၁၁း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တစ်စင်းတည်းသောလမင်း" (အပိုင်း-၁၃)**

Barclay Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Aston Villa - West Brom	(ESPN) (MRTV-4)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၄း၃၀	Granada - Celta Vigo	(ESPN)
၈း၃၀	Valladolid - Vallecano	(Star Sports)
၁၀း၃၀	Osasuna - Levante	(Star Sports)

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၂၀	Real Madrid - Deportivo	(ESPN)
၂း၀၀	Espanyol - Atl: Madrid	(Star Sports)

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ကမ်းလွန်ရေနံတူးဖော်ထုတ်လုပ်မှုလုပ်ငန်း ပထမဆုံးအကြိမ်စတင်ရန် ကမ္ဘောဒီးယားရည်မှန်း

ဖနောင်ပင် စက်တင်ဘာ ၂၉

ကမ္ဘောဒီးယားနိုင်ငံသည် ပထမဆုံးအကြိမ် ကမ်းလွန်ရေနံတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကို လာမည့်နှစ်တွင် စတင်ရန် ရည်မှန်းထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အကောင်အထည်ဖော်မည်

ကမ်းလွန်ရေနံထုတ်လုပ်မှုလုပ်ငန်းကို အမြန်ဆုံး စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအမျိုးသား ရေနံလုပ်ငန်းအာဏာပိုင်အဖွဲ့ညွှန်ကြားရေးမှူးချုပ် ဆောခါ ဗန်က စင်ကာပူ၌ ကျင်းပသော ရေနံနှင့်ဓာတ်ငွေ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်တွင် ပြောကြားသည်။

ထိုင်းပင်လယ်ကွေ့ရှိ ကမ္ဘောဒီးယားပင်လယ်ကမ်းရိုးတန်း ကမ်းလွန်၌ အမေရိကန် ချေဗရွန်ကော်ပိုရေးရှင်း ဦးဆောင်သော နိုင်ငံတကာ ကုမ္ပဏီများက ကမ်းလွန်ရေနံတူးဖော်ထုတ်လုပ်သွားမည်ဖြစ်သည်။

ချေဗရွန်ကုမ္ပဏီသည် ယခုနှစ်ကုန်ထက်နောက်မကျဘဲ ကမ္ဘောဒီးယားကမ်းလွန်၌ ရေနံတူးဖော်ထုတ်လုပ်နိုင်ရန် ကမ္ဘောဒီးယားအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိမည်ဟု မျှော်လင့်ထားသည်။ **ယူပီအိုင်။**

အမေရိကန် ချေဗရွန်ကော်ပိုရေးရှင်း၏ ကမ်းလွန်ရေနံတူးစင်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အလုပ်လက်မဲ့နှုန်း ဂျပန်၌ကျဆင်း

တိုကျို စက်တင်ဘာ ၂၉

ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ဇူလိုင်လတွင် ၄ဒသမ၃ရာခိုင်နှုန်း၊ ဩဂုတ်လတွင် ၄ ဒသမ ၂ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ကြောင်း၊ ဖွန်လနောက်ပိုင်း ပထမဆုံးအကြိမ် အလုပ်လက်မဲ့နှုန်းကျဆင်းခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့က စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ဂျပန်ပြည်သူများသည် လစာပိုကောင်းသော အလုပ်အကိုင်များကို ပြောင်းလဲလုပ်ကိုင်ခြင်းမရှိသဖြင့် အလုပ်လက်မဲ့နှုန်းကျဆင်းရခြင်းဖြစ်ကြောင်း ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

အလုပ်လက်မဲ့နှုန်းကျဆင်းလာသော်လည်း စီးပွားရေးတိုးတက်မှု လက္ခဏာတစ်ရပ်မဟုတ်ကြောင်း၊ ဂျပန်နိုင်ငံတွင် အမျိုးသားများ အလုပ်လက်မဲ့ဖြစ်မှုနှုန်း ၄ ဒသမ ၅ ရာခိုင်နှုန်း၌ တန့်နေပြီး အမျိုးသမီးများ အလုပ်လက်မဲ့ဖြစ်မှုနှုန်း ၄ ဒသမ ၁ ရာခိုင်နှုန်းမှ ၃ ဒသမ ၇ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။ **အင်တာနက်။**

ဆိုမာလီစစ်သွေးကြွများ၏ နောက်ဆုံးခြေကုပ်စခန်းကို ကင်ညာတပ်ဖွဲ့ဝင်များ ထိုးစစ်ဆင်

မိုဂါဒစ်ရှူး စက်တင်ဘာ ၂၉

စက်တင်ဘာ ၂၈ ရက် အရုဏ်မတက်မီ ကမ်းတက်ချေမှုန်းမှုများပြုရန်အတွက် ကင်ညာတပ်ဖွဲ့ဝင်များသည် ဆိုမာလီစစ်သွေးကြွများ၏ နောက်ဆုံးခြေကုပ်စခန်းအနီးသို့ ချဉ်းကပ်လာနေကြောင်း အခြားအာဖရိကသမဂ္ဂဝင်နိုင်ငံများမှ တပ်ဖွဲ့များသည်လည်း ကင်ညာတပ်ဖွဲ့များနှင့်အတူ ချိတ်ဆက်ရန် ဆိပ်ကမ်းမြို့ ကစ်မေယိုသို့ ကြည်းကြောင်းမှ ချီတက်လာနေကြောင်း စက်တင်ဘာ ၂၈ရက်သတင်းများ၌ ဖော်ပြသည်။

ကင်ညာတပ်ဖွဲ့များ၏ လျှပ်တစ်ပြက်တိုက်ခိုက်မှုတွင် ခုခံမှုအနည်းအကျဉ်းသာကြုံတွေ့ရကြောင်း ကင်ညာစစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဆိုင်ရပ်စ်အိုဂူနာက ပြောကြားသည်။

၎င်းတို့ခြေကုပ်စခန်းမြို့ကျဆုံးသွားသည်ဆိုမှုကို အယ်လ်ရှာဘတ်စစ်သွေးကြွများက ငြင်းဆိုခဲ့ပြီး ယင်းနေရာတွင် တိုက်ပွဲများဖြစ်ပွားနေသည်ဟု ဆိုသည်။

အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့များ အသေအပျောက်များပြားကြောင်း၊ကင်ညာတပ်ဖွဲ့များမှာမူ မည်သည့်ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုမရှိကြောင်း ကင်ညာ စစ်ဘက်ပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။

ကင်ညာတပ်ဖွဲ့များသည် ဆိပ်ကမ်းနယ်မြေကို ထိန်းချုပ်ထားနိုင်သော်လည်း ကစ်မေယိုတစ်မြို့လုံးကို မထိန်းချုပ်နိုင်သေးကြောင်း ကစ်မေယိုမြို့ခံတစ်ဦးက အေပီသတင်းဌာနသို့ ပြောကြားသည်။ **အေပီ။**

စစ်ရေးလေ့ကျင့်မှု၌ တွေ့ရသော တပ်ဖွဲ့ဝင်များ။
(ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားအကြမ်းဖက်မှုတိုက်ဖျက်ရေး ရုရှားနိုင်ငံ၌ စစ်ရေးလေ့ကျင့်မှုစတင်

မော်စကို စက်တင်ဘာ ၂၉

နျူကလီးယားအကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ရေးလေ့ကျင့်မှုများကို ရုရှားနိုင်ငံ မြို့တော်မော်စကို၌စက်တင်ဘာ ၂၇ရက်မှ စတင်ကာပြုလုပ်လျက်ရှိကြောင်း ရုရှားဖက်ဒရေး လုံခြုံရေးဌာနက ပြောကြားသည်။

ဂတ်ဒ်-၂၀၁၂ဟုအမည်ပေးထားသော စစ်ရေးလေ့ကျင့်မှုကို လေ့လာနိုင်ရန် နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)၊ နိုင်ငံတကာရဲတပ်ဖွဲ့ (အင်တာပို) နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်း ထိန်းချုပ်ရေးရုံး (ယူအင်န်အိုဒီစီ)တို့က အကဲခတ်ပုဂ္ဂိုလ်များကို စေလွှတ်ခဲ့သည်။

နျူကလီးယားဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး နိုင်ငံတကာအစီအစဉ်အရ အဆိုပါစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှု၌ ကမ္ဘာ့နိုင်ငံပေါင်း ၅၈နိုင်ငံမှ တပ်ဖွဲ့ဝင်များ ပါဝင်လေ့ကျင့်ကြပြီး လေ့ကျင့်မှုကာလ မည်မျှကြာမြင့်မည်ကို မသိရှိရပေ။

အင်တာနက်။

ကွန်ဂို၌ ငြိမ်းချမ်းရေးထိန်းသိမ်းရန် အင်ဒိုနီးရှားတပ်ဖွဲ့ဝင်များကို စေလွှတ်မည်

ဂျကာတာ စက်တင်ဘာ ၂၉

အင်ဒိုနီးရှားကာကွယ်ရေးတပ်ဖွဲ့သည် ကွန်ဂိုနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်နေသော နိုင်ငံတကာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့တွင်ပါဝင်ရန် ဒီဇင်ဘာလတွင် တပ်ဖွဲ့ဝင် ၁၇၅ ဦးကို စေလွှတ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ကွန်ဂိုနိုင်ငံ၌ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းမရှိမီ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အင်ဒိုနီးရှားတပ်ဖွဲ့ဝင်များကို စစ်ရေးလေ့ကျင့်မှုပြုလုပ်စေခဲ့ကြောင်း အင်ဒိုနီးရှားကာကွယ်ရေးတပ်ဖွဲ့က ထုတ်ပြန်သော သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကွန်ဂိုသို့စေလွှတ်မည့် အင်ဒိုနီးရှားအထူးလုပ်ငန်းတပ်ဖွဲ့ကို ဗိုလ်မှူး စီဇီအာဖန်ဆီဒစ်က ဦးဆောင်မည်ဖြစ်ပြီး ကြည်းတပ်တပ်ဖွဲ့ဝင် ၁၅၀၊ ရေတပ်အရာရှိ ၁၉ ဦးနှင့် လေတပ်အရာရှိ ခြောက်ဦးတို့ ပါဝင်မည်ဖြစ်ကြောင်း သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဒေသတွင်းရှိ နိုင်ငံငါးနိုင်ငံဖြစ်သော အင်ဂိုလာ၊ နမီးဘီးယား၊ ရဝမ်ဒါ၊ ယူဂန္ဓာနှင့် ဇင်ဘာဘွေနိုင်ငံတို့အကြား ၁၉၉၉ ခုနှစ် ဇူလိုင်လတွင် ချုပ်ဆိုခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက နိုင်ငံတကာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ ဖြန့်ကြက်ရန် ဆုံးဖြတ်ခဲ့သည်။ **အင်တာနက်။**

အီရတ်ရှိအကျဉ်းထောင်တစ်လုံးမှ အကျဉ်းသား ၂၀၀ကျော်ထွက်ပြေး

ဘဂ္ဂဒက် စက်တင်ဘာ ၂၉

အီရတ်နိုင်ငံ တီကရစ်မြို့ အကျဉ်းထောင်တစ်လုံးမှ အကျဉ်းသား ၂၀၀ကျော် ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း၊ ရာနှင့်ချီသော အကျဉ်းသားများသည် ထောင်စောင့်များထံမှ လက်နက်များကို သိမ်းယူခဲ့ကြပြီး ရဲတပ်ဖွဲ့ဝင်ငါးဦးကို သတ်ဖြတ်ခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူများက စက်တင်ဘာ ၂၈ရက်တွင် ပြောကြားခဲ့သည်။

မြို့တော်ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၁၂၀ အကွာ တီကရစ်မြို့ရှိ အကျဉ်းထောင်၌ အကျဉ်းသားများက ထောင်စောင့်များထံမှ လက်နက်များကို လုယက်ယူဆောင်ခဲ့ပြီး အကျဉ်းထောင်အဆောက်အအုံကို ထိန်းချုပ်ခဲ့ကြောင်း၊ယင်းအကျဉ်းထောင်သည် ပြစ်ဒဏ်ချမှတ်ခံရသော အယ်လ်ခိုင်ဒါအဖွဲ့ဝင်ဟောင်း အကျဉ်းသားများကိုထိန်းသိမ်းထားသည့် အကျဉ်းထောင်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းအကျဉ်းထောင်၌ အကျဉ်းသား ၉၀၀ခန့်ကို ထိန်းသိမ်းထားသည်။

ထောင်သားများ ထွက်ပြေး လွတ်မြောက်မှု ဖြစ်ပွားပြီးနောက် တီကရစ်မြို့၌ နေ့ဝင်မီးငြိမ်းအမိန့်ထုတ်ပြန်ထားသည်။ ထွက်ပြေးအကျဉ်းသားများကို ပြန်လည်ဖမ်းဆီးရမိရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုးပမ်းလျက်ရှိသည်။

အင်တာနက်။

ဂျပန်အနောက်တောင်ပိုင်း ပင်လယ်အော်၌ ကုန်သဘောင်္ပေါ် မီးလောင်မှုဖြစ်ပွား

တိုကျို စက်တင်ဘာ ၂၉

ဂျပန်နိုင်ငံရှိ ပင်လယ်အော်တစ်ခု၌ ရောက်ရှိနေသော ပနားမား မှတ်ပုံတင် ကုန်သဘော်တစ်စင်းပေါ်၌ မီးလောင်မှုဖြစ်ပွားရာ အဆိုပါသဘော်ပေါ်မှ တရုတ်လူမျိုးသဘော်သား ၁၂ဦးကို ဂျပန်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ကယ်တင်ပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားသော သဘော်ပေါ်မှ သဘော်သားများကို ဂျပန်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ကယ်တင်ပေးခဲ့ပြီး မီးငြိမ်းသတ်ပေးခဲ့ကြောင်း ကမ်းရိုးတန်းစောင့်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ကယ်ဆယ်

မည်သည့်သဘော်သားမျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း၊ ကုန်သဘော်ပေါ်မီးလောင်သည်ဟု စက်တင်ဘာ ၂၇ ရက်ညတွင် သတင်းရရှိခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ကြောင်း ဂျပန်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ပြောကြားသည်။ **အေအက်ဖ်ပီ။**

ဂျပန်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်စဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ တွေ့ရသော လေရဟတ်စခန်း။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံအတွင်း တရုတ်၏ လေရဟတ်ရင်းနှီးမြှုပ်နှံမှု အိုဘားမား ရပ်ဆိုင်း

ဝါရှင်တန် စက်တင်ဘာ ၂၉

အမေရိကန်ပြည်ထောင်စု အော်ရီဂွန်ပြည်နယ်၌ တရုတ်ကုမ္ပဏီတစ်ခုက လေရဟတ်များ တည်ဆောက်ခြင်းကို သမ္မတ ဘာရက်အိုဘားမားက အမျိုးသားလုံခြုံရေးစိုးရိမ်ရသဖြင့် စက်တင်ဘာ ၂၈ ရက်တွင် ရပ်ဆိုင်းလိုက်ကြောင်း အိမ်ဖြူတော်က ကြေညာသည်။

ယခုနှစ်စောစောပိုင်း၌ အမေရိကန်ရေတပ်စခန်းတစ်ခု၏အနီးတွင် လေရဟတ်များ တည်ဆောက်ရေးစီမံကိန်းလေးခုကို တရုတ်ပုဂ္ဂလိက ကုမ္ပဏီ ရောလ်(စ်)ကော်ပိုရေးရှင်းက ရရှိခဲ့သည်။

၂၂နှစ်အတွင်း အမေရိကန်နိုင်ငံအတွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပထမဆုံးအကြိမ် တားမြစ်ခြင်းဖြစ်သည်။

သို့အတွက် ရောလ်(စ်)ကော်ပိုရေးရှင်းသည် လေရဟတ်စီမံကိန်း၌ ထည့်ဝင်ထားသောရင်းနှီးမြှုပ်နှံငွေများကို ပြန်လည်ရုပ်သိမ်းရမည်ဖြစ်သည်။

ယင်းစီမံကိန်းများသည် အမေရိကန်စစ်စခန်းတစ်ခုက အသုံးပြုသည့် တားမြစ်ထားသော ကန့်သတ်လေကြောင်းပိုင်နက်အနီးတွင် တည်ရှိသည်။

အမေရိကန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မတီက လေရဟတ်များကို စစ်ဆေး၍ တရုတ်ကုမ္ပဏီ၏ အစီအစဉ်သည် အမျိုးသားလုံခြုံရေးကို ထိပါးစေနိုင်သည်ဟုအစီရင်ခံပြီးနောက် သမ္မတ၏ အမိန့်ထွက်ပေါ်လာခြင်းဖြစ်သည်။ ယင်းအမိန့်သည် တာဘိုင်ဂျင်နရေတာများ ထုတ်လုပ်သည့် ဆာနီကုမ္ပဏီကိုလည်း ပစ်မှတ်ထားခြင်းဖြစ်သည်။

အော်ရီဂွန်စစ်စခန်းကို ဒရုန်းလေယာဉ်များ၊ လျှပ်စစ်ပစ္စည်းများ စမ်းသပ်ရန်အတွက် အသုံးပြုကြောင်း စစ်ဘက်ကပြောသည်။ လေယာဉ်များသည် အမြင့်ပေ ၂၀၀မှ တစ်နာရီလျှင် မိုင် ၃၀၀နှုန်းဖြင့် ပျံသန်းကြသည်ဟုဆိုသည်။ ယခုသီတင်းပတ်စောစောပိုင်းတွင် တရုတ်သည် အမေရိကန်တို့၏ အကြံအစည်များနှင့် အလုပ်အကိုင်များကို ခိုးယူလျက်ရှိကြောင်း ရွှန်းနေက ဗီဒီယိုပြကွက်များဖြင့် ပြောကြားပြီး အိုဘားမားသည် ယင်းကိစ္စများကို ရပ်တန့်စေရန် အနည်းငယ်မျှသာ လုပ်ဆောင်ခဲ့သည်ဟု စွပ်စွဲခဲ့သည်။

အင်တာနက်။

နိုင်ငံတကာ ရေးရာသုံးသပ်ချက်



ငှက်နှင့် လေယာဉ် ဝင်တိုက်မှုဖြစ်စဉ် များသည် ယနေ့ကာလ ခေတ်မီလေယာဉ်များ အတွက်ပင် ဘေးအန္တရာယ်ကြီး တစ်ရပ်အဖြစ် တည်ရှိနေဆဲ ဖြစ်သည်။

နီပေါလေယာဉ်ပျက်ကျမှု အကြောင်းရင်း လင်းတငှက်ဖြင့် ဝင်တိုက်မိခြင်းကြောင့်ဖြစ်နိုင်

နယူးယောက် စက်တင်ဘာ ၂၉

နီပေါနိုင်ငံ ခတ္တမန္ဒူလေဆိပ်အနီး စက်တင်ဘာ ၂၈ ရက်က ဖြစ်ပွားခဲ့သော လေယာဉ်ပျက်ကျမှု၏ အဓိကအကြောင်းရင်းမှာ လင်းတငှက်တစ်ကောင်နှင့် ဝင်တိုက်မှုကြောင့် ဖြစ်နိုင်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အင်ဂျင်နှစ်လုံးတပ်လေယာဉ်ငယ်တစ်စင်းသည် ဧဝရက်တောင်ဒေသ လပ်ကလားမြို့သို့ သွားရောက်ရန် ခတ္တမန္ဒူလေဆိပ်မှ ပျံတက်ပြီး မိနစ်ပိုင်းမျှအကြာတွင် ပျက်ကျခဲ့ရာ ခရီးသည် ၁၉ ဦးသေဆုံးခဲ့ရသည်။

ယင်းလေယာဉ်ပျက်ကျရခြင်း၏ အကြောင်းတရားကို မသိရသေးသော်လည်း လေယာဉ်ပျံသန်းစဉ် လင်းတငှက်တစ်ကောင်နှင့် ဝင်တိုက်မိခဲ့ကြောင်း လေကြောင်းထိန်းသိမ်းရေးမျှော်စင်သို့ လေယာဉ်မှူးက အကြောင်းကြားခဲ့သည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြခဲ့သည်။

လေယာဉ်နှင့်ငှက်ဝင်တိုက်မှုဖြစ်စဉ်များသည် ယနေ့ကာလခေတ်အမီဆုံးလေယာဉ်များအတွက်ပင်လျှင် အန္တရာယ်ကြီးတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု၌ ၂၀၁၁ ခုနှစ်အတွင်း လေယာဉ်နှင့် သားငှက်တိရစ္ဆာန် ဝင်တိုက်မှုဖြစ်စဉ်များသည် နေ့စဉ်ပျမ်းမျှအားဖြင့် ၂၈ ကြိမ်နီးပါးမျှဖြစ်ပွားတတ်ပြီး ယင်းဖြစ်စဉ်များ၏ ၉၇ ရာခိုင်နှုန်းမှာ ငှက်သတ္တဝါများကြောင့် ပေါ်ပေါက်ရကြောင်း သိရသည်။

ကျန်ဖြစ်စဉ် အများစုမှာ လေယာဉ်ပြေးလမ်းပေါ်၌ ကုန်းနေသတ္တဝါများနှင့် ဝင်တိုက်မိသည့် ဖြစ်စဉ်များ ဖြစ်ကြသည်။

၁၉၈၈ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်အကြား ကာလများအတွင်း သားငှက်တိရစ္ဆာန်နှင့် လေယာဉ်ဝင်တိုက်မှုဖြစ်စဉ်များကြောင့် တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် လူပေါင်း ၂၃၀ ကျော် ဦးသေဆုံးခဲ့ရပြီး လေယာဉ် စင်းရေ ၂၂၀ ကျော်ပျက်စီးခဲ့ရကြောင်း အမေရိကန်ပြည်ထောင်စု မြို့ပြလေကြောင်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေး ဂျာမန်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

နယူးယောက် စက်တင်ဘာ ၂၉

သွက်လက်မြန်ဆန်သည့် ကမ္ဘာ့ရေးရာ အပြောင်းအလဲများနှင့် လိုက်လျောညီထွေ ရှိစေရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ကိုယ်စားပြုအဖွဲ့ဝင် အရေအတွက် တိုးချဲ့ရန် ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဂွီဒို ဝက်စတာဝဲလ်က စက်တင်ဘာ ၂၈ ရက် တွင် တိုက်တွန်းလိုက်သည်။

လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံများစာရင်း၌ လက်တင်အမေရိကနှင့် အာဖရိကတို့ကို ကိုယ်စားပြုမည့်နိုင်ငံများ ပါဝင်မှုမရှိခြင်း သို့မဟုတ် အာရှတိုက်အတွက် အမြဲတမ်းအဖွဲ့ဝင်နေရာ တစ်နေရာသာ ရရှိထားခြင်းတို့မှာ မဖြစ်သင့်ကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံမိန့်ခွန်း၌ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

အထက်ပါ အခြေအနေမျိုးသည် ယနေ့ကမ္ဘာကြီး၏ ပကတိအရှိတရားများအား ထင်ဟပ်နိုင်ခြင်းမရှိသကဲ့သို့ အနာဂတ်ကမ္ဘာကြီး၏ ပကတိအရှိတရားများကိုလည်း ထင်ဟပ်နိုင်မည်မဟုတ်ကြောင်း ဂျာမန်နိုင်ငံခြားရေး ဝန်ကြီးက ဝေဖန်သုံးသပ်ခဲ့သည်။

ဘရာဇီး၊ အိန္ဒိယ၊ ဂျပန်နိုင်ငံတို့ လည်းပါဝင်သည့် ဂျီ-၄ အုပ်စုဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သော ဂျာမနီနိုင်ငံသည် ကုလသမဂ္ဂ ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲရေးအတွက် တောင်းဆိုထားပြီး လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများ စာရင်းတွင် ဂျီ-၄ အုပ်စုဝင်နိုင်ငံများကိုပါ ထည့်သွင်းရန်လိုလားလျက် ရှိသည်။

လက်ရှိ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဖွဲ့စည်းပုံကို ခေတ်သစ်ကာလနှင့် လျော်ညီမှုမရှိသော ဒုတိယကမ္ဘာစစ် လက်ကျန်အမွေတစ်ရပ်အဖြစ် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအများအပြားက ဝေဖန်ထားကြသည်။ ***အင်တာနက်။***

(၆၇)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံ၌ မိန့်ခွန်းပြောကြားနေသော ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ဂွီဒိုဝက်စတာဝဲလ်ကို တွေ့ရစဉ်။



ကမ္ဘာ့မြေမြှုပ်မိုင်းအန္တရာယ် အမြင့်မားဆုံး နိုင်ငံများစာရင်း၌ ကိုလံဘီယာ ဒုတိယနေရာတွင်ရှိ

ဘိုဂိုတာ စက်တင်ဘာ ၂၉

၁၉၉၀ ခုနှစ်မှစ၍ ကိုလံဘီယာနိုင်ငံသား ထောင်ပေါင်းများစွာတို့သည် မြေမြှုပ်မိုင်းများကြောင့် သေဆုံး သို့မဟုတ် ဒဏ်ရာများရခဲ့ကြကြောင်း ကိုလံဘီယာအစိုးရက စက်တင်ဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

အစိုးရအဖွဲ့ကို ဆန့်ကျင်ပုန်ကန်ခဲ့သည့် နှစ်ပေါင်း ၅၀ နီးပါးကြာကာလအတွင်း ကိုလံဘီယာနိုင်ငံ၏ အကြီးဆုံးသူပုန်အုပ်စုဖြစ်သည့် တော်လှန်သော ကိုလံဘီယာတပ်မတော် (အက်ဖ်အေအာရ်စီ) သည် မြေမြှုပ်မိုင်းအများစု အသုံးပြုခဲ့ပြီး ပေါက်ကွဲခြင်းမရှိသေးသည့် မြေမြှုပ်မိုင်းအများအပြားမှာ ကိုလံဘီယာနိုင်ငံအတွင်း ပြန့်ကျဲတည်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ကိုလံဘီယာ အစိုးရ၏ စာရင်းဇယားများအရ ၁၉၉၀ ခုနှစ်မှစ၍ အစိုးရတပ်ဖွဲ့ဝင် ၆၂၂၂ ဦးနှင့် ကလေး ၉၆၈ ဦး ပါဝင်သော အရပ်သား ၃၇၇၉ ဦးတို့မှာ မြေမြှုပ်မိုင်းများကြောင့် သေဆုံး၊ ဒဏ်ရာရခဲ့ကြရကြောင်း သိရသည်။

ကိုလံဘီယာနိုင်ငံ၏ အဓိက သူပုန်အုပ်စုများဖြစ်သည့် အက်ဖ်အေအာရ်စီနှင့် အမျိုးသားလွတ်မြောက်ရေး တပ်မတော် (အီးအယ်လ်အင်န်) တို့ကို မြေမြှုပ်မိုင်းများ အသုံးပြုမှုရပ်ဆိုင်းရန် ကိုလံဘီယာ ဒုတိယသမ္မတက တိုက်တွန်းထားကြောင်း သတင်းများတွင်ဖော်ပြသည်။

ကိုလံဘီယာ သူပုန်အဖွဲ့များသည် အစိုးရ စစ်စခန်းများအနီးနှင့် ၎င်းတို့လှုပ်ရှားရာ တောကြိုအုံကြား ဒေသများ၌ မြေမြှုပ်မိုင်းများ ထောင်ထားလေ့ရှိသည်။

မြေမြှုပ်မိုင်း အသုံးပြုမှု ပိတ်ပင်ရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားမှုအဖွဲ့၏ အဆိုအရ ကိုလံဘီယာနိုင်ငံသည် အာဖဂန်နစ္စတန် နိုင်ငံပြီးလျှင် ကမ္ဘာပေါ်၌ မြေမြှုပ်မိုင်းအန္တရာယ် အမြင့်မားဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

အာရှမှ စစ်မီးထတောက်နိုင်သည့် အန္တရာယ်ဒေသများ

ရဲတင့်

(ယမန်နေ့မှအဆက်)

ဖြစ်နိုင်ဖွယ်ရှိသည်မှာ တိုင်ဝမ်အစိုးရအား စေ့စပ်ရေးစားပွဲရောက်အောင် အကျပ်ကိုင်ရန်အတွက် တိုက်ခိုက်ခြင်း သို့မဟုတ် အဆက်မပြတ်ပစ်ခတ်ခြင်း သို့မဟုတ် ရေလက်ကြားကို ပိတ်ဆို့ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများ သိမ်းယူခြင်းတို့ကို ပြုလုပ်နိုင်သည်။ ပီအယ်လ်အေအနေဖြင့် ယင်းသို့သော စစ်ဆင်ရေးများကို စွမ်းဆောင်နိုင်မှုရှိ၊ မရှိ မည်သူမျှ ကြိုတင်မသိ၊ ပီအယ်လ်အေကိုယ်တိုင်လည်း ကြိုတင်မသိပေ။ မည်သို့ရှိစေကာမူ လေတပ်အင်အားအရ တရုတ်ဘက်က အလေးသာနေသည်။ တိုင်ဝမ်ရေလက်ကြားဝေဟင်တွင် တရုတ်လေတပ်ကြီးစိုးလာပါက တိုင်ဝမ်လေတပ်သည် ဟန့်တားနိုင်စွမ်းရှိမည်မဟုတ်ပေ။ အမေရိကန်စစ်ဘက်ဆိုင်ရာကောလိပ်မှ ပါမောက္ခဘာနဒီကိုးလ်၏အဆိုအရ တရုတ်သည် လွန်ခဲ့သောဆယ်နှစ်အတွင်း တိုက်လေယာဉ်အသစ်များ ဝယ်ယူပြီး လေတပ်အင်အားတိုးချဲ့ထားသည်။ တိုင်ဝမ်ဘက်မှာ အပြောင်းအလဲမရှိဟု သိရသည်။

၁၉၉၆ တွင် အမေရိကန်က တိုင်ဝမ်ရေလက်ကြားတွင် အကျပ်အတည်းကြီး ပေါ်ပေါက်လာလျှင် ယင်းဒေသသို့ ရေတပ်စေလွှတ်ပြီး ကာကွယ်ရန်အသင့်ပြင်ခဲ့သည်။ ဤလုပ်ရပ်ကြောင့် တိုင်ဝမ်အစိုးရမှာ အားတက်ပြီး ကာကွယ်ရေးစရိတ်တိုးမြှင့်ရေး၊ တိုက်စွမ်းရည်မြှင့်တင်ရေးတို့ကို ဦးစားပေးခဲ့ပုံမရပေ။ သို့သော် အမေရိကန်ရေတပ်သည် ဂျပန်စစ်စခန်းများမှဖြစ်စေ၊ ဟာဝိုင်ယီစခန်းများမှဖြစ်စေ တိုင်ဝမ်ရေလက်ကြားသို့ ရုတ်တရက် အလျင်အမြန်ရောက်အောင် မသွားနိုင်ပေ။

ပင်လယ်ပြင်အောက်တွင် လှုပ်ရှားနေသော တရုတ်ရေတပ်၏ အစွမ်းထက်ပုံကို ၂၀၀၄ ခုနစ်က တွေ့ရသည်။ တရုတ်ရေငုပ်သင်္ဘောတစ်စင်းသည် ဂူအမ်ကျွန်းပတ်လည်တွင် လှည့်ပတ် ပြီး ပစိဖိတ်သမုဒ္ဒရာကို ဖောက်ထွက်ရန် လမ်းရှာရင်း ဂျပန်၏ ရေပြင်နယ်နိမိတ်ထဲရောက်သွားသည်။ အမေရိကန်နှင့် ဂျပန်ရေတပ်သင်္ဘောများက တရုတ်ရေငုပ်သင်္ဘောကို နောက်ယောင်ခံ၍ ဟန့်တားသည်။ တရုတ်က "မှားသွားကြောင်း" တောင်းပန်သည်။ သို့သော် လေ့လာသုံးသပ်သူအများစုက တရုတ်က ၎င်း၏ ရေတပ်အစွမ်းထက်ပုံကို တမင်သက်သက် ပြလိုက်ခြင်းဖြစ်သည်ဟု ကောက်ချက်ချကြသည်။ ၂၀၀၆ အောက်တိုဘာတွင် အခြားတရုတ်ရေငုပ်သင်္ဘောတစ်စင်းသည် အမေရိကန်လေယာဉ်တင်သင်္ဘောကြီးယူအက်စ်အက်စ်ကစ်တီဟော့က်မှ ငါးမိုင်အကွာရေမျက်နှာပြင်ပေါ်သို့ ရုတ်တရက် ပေါ်ထွက်လာခဲ့သည်။ တရုတ်ရေငုပ်သင်္ဘောကတမင်လုပ်သည်ဖြစ်စေ၊ မတော်တဆဖြစ်စေ တိုင်ဝမ်ရေလက်ကြားတွင် အမေရိကန်ရေတပ်သင်္ဘောများ ကြိုက်သလိုလှုပ်ရှားသွားလာနေခြင်းကို တရုတ်ရေငုပ်သင်္ဘောများက စောင့်ကြည့်နေပြီဟုဖော်ပြရာ ရောက်နေပေသည်။ ယခုအခါ အမေရိကန်စစ်သင်္ဘောများမှ တပ်မှူးများသည် တိုင်ဝမ်ရေလက်ကြားတွင် ၁၉၉၆ ကထက် ပိုမိုဂရုစိုက်ပြီး သွားလာနေရသည်။

အမေရိကန်ပြည်ထောင်စုသည် တိုင်ဝမ်ရေလက်ကြားသို့ စစ်သင်္ဘောများ ထပ်မံစေလွှတ်ဖွယ် ရှိ မရှိဟူသောအချက်မှာ ကြိုတင်ခန့်မှန်းရန်ခက်ခဲသည်။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအား တရုတ်ကစီးနင်းတိုက်ခိုက်သိမ်းပိုက်ခြင်းကို လက်ပိုက်ကြည့်နေခြင်းသည် အမေရိကန်ပြည်တွင်း၌ အကြီးအကျယ်ပြဿနာတက်မည့်ကိစ္စဖြစ်လာပေမည်။ တရုတ်ကတိုင်ဝမ်အား စစ်အင်အားအသုံးပြုပြီး သိမ်းပိုက်ခြင်းကို ခွင့်ပြုခြင်းသည် အမေရိကန်နိုင်ငံအတွက် မဟာဗျူဟာအရ အကြီးအကျယ် ပျက်စီးဆုံးရှုံးလိမ့်မည်ဟု ပင်တဂွန်နှင့် နိုင်ငံခြားရေးမူဝါဒချမှတ်သည့် မဟာဗျူဟာပညာရှင်များက သဘောထားကြသည်။ တိုင်ဝမ်ကို အောင်မြင်စွာ သိမ်းပိုက်နိုင်လျှင် တရုတ်ပြည်၏ ဂုဏ်သိက္ခာပိုမိုမြင့်တက်လာမည်။ အမေရိကန်၏ ဂုဏ်သိက္ခာကျဆင်းမည်။ ထို့ပြင် တရုတ်ရေတပ်မတော်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း ယခုထက်ပို၍ တွင်တွင်ကျယ်ကျယ် နေရာယူတပ်စွဲလာပေမည်။ အခြားတစ်ဖက်တွင်လည်း တရုတ်ရေတပ်၏တိုက်ခိုက်မှု သို့မဟုတ် ပိတ်ဆို့မှုများကို ကာကွယ်ဟန့်တားရန် အခက်အခဲပိုမိုတွေ့လာနိုင်ပေသည်။ အမေရိကန်အတွက် တိုင်ဝမ်ကို စစ်အင်အားဖြင့် အကာအကွယ်မပေးနိုင်လျှင် မဟာဗျူဟာအရ အကြီးအကျယ်ထိခိုက်ဆုံးရှုံးမည်။ သို့သော် စစ်အင်အားစေလွှတ်ပြီး အကာအကွယ်ပေးမည်ဆိုလျှင် ချူကလီးယားစစ်ပွဲကြီးဖြစ်လာနိုင်သည့် အန္တရာယ်ရှိသည်။ ယင်းကဲ့သို့ အန္တရာယ်ကြီးမားသည့် အကျပ်အတည်းကြီးနှင့် ရင်ဆိုင်ရချိန်တွင် အမေရိကန်ဘက်မှ အားပေးကူညီမည့်မိတ်ဆွေ သို့မဟုတ် မဟာမိတ်များ ရှားပါးသွားဖွယ်ရာရှိသည်။ ဂျပန်ကတော့ ကူညီမည်၊ ဩစတြေးလျက အားပေးဖွယ်ရှိသည်။ အလှမ်းဝေးလှသော ဥရောပအင်အားကြီးတို့ကလည်း ကူညီဖွယ်ရှိသည်။ တခြားအာရှနိုင်ငံများက အမေရိကန်ဘက်မှ ရပ်တည်ပါ့မလားဟူသောအချက်မှာ သံသယဖြစ်ဖွယ်ရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

တောင်တရုတ်ပင်လယ်ရေပြင်အတွင်း စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်နေသော တရုတ်ရေတပ်မှ ရေငုပ်သင်္ဘောများ

တရုတ်-ဂျပန် ကျွန်းစုပိုင်ဆိုင်ခွင့်ပြဿနာ၌ ကြားဝင်ညှိနှိုင်းသူအဖြစ် အမေရိကန်ရပ်တည်မည်မဟုတ်

နယူးယောက် စက်တင်ဘာ ၂၉

နှစ်ဖက်လုံးက ပိုင်ဆိုင်ခွင့် အပြိုင်အဆိုင် တောင်းဆိုနေကြသော ကျွန်းစုအရေးကို ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းရေးအတွက် သံတမန်ရေးအရ ကြိုးပမ်းအားထုတ်ရန် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ကို အမေရိကန်ပြည်ထောင်စုက တိုက်တွန်းလိုက်ကြောင်း စက်တင်ဘာ ၂၈ ရက်သတင်းများတွင် ဖော်ပြသည်။

ပိုင်ဆိုင်ခွင့် အငြင်းပွားကျွန်းစုများ အရေးနှင့်ပတ်သက်၍ တရုတ်နှင့်ဂျပန်တို့သည် (၆၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ တစ်ဖက်နှင့်တစ်ဖက် ဒေါသတကြီး စွပ်စွဲပြစ်တင်မှုများပြုလုပ်ခဲ့ကြသည်။

တရုတ်နိုင်ငံက တိုင်အိုယူဟူ၍လည်းကောင်း၊ ဂျပန်နိုင်ငံက ဆန်ကာကူဟူ၍လည်းကောင်း အသီးသီး သတ်မှတ်ခေါ်ဝေါ်သော အရှေ့ပင်လယ်ဒေသ ကျွန်းစုများပြဿနာ၌ အမေရိကန်ပြည်ထောင်စုသည်ကြားဝင် ညှိနှိုင်းသူအဖြစ် ပါဝင်မည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှဒေသဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကတ်ကင်းဘဲလ်က စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ပိုင်ဆိုင်ခွင့် အငြင်းပွားကျွန်းစုပြဿနာနှင့် ပတ်သက်၍ စေ့စပ်ဆွေးနွေးခြင်းဖြင့်သာ အပြုသဘောဆောင်သည့် ရလဒ်များ ထွက်ပေါ်နိုင်မည်ဟု အမေရိကန်ပြည်ထောင်စုက အခိုင်အမာယုံကြည်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ကတ်ကင်းဘဲလ်က ပြောကြားခဲ့သည်။

ဆန်ကာကူ သို့မဟုတ် တိုင်အိုယူကျွန်းစုကို လက်ရှိတွင် ဂျပန်နိုင်ငံက ထိန်းချုပ်ထားသော်လည်း ယင်းကျွန်းစုသည် ၎င်း၏အချုပ်အခြာပိုင်နယ်မြေအတွင်း ပါဝင်မှုရှိကြောင်း တရုတ်နိုင်ငံကအရေး ဆိုထားသည်။

အင်တာနက်။

တော်သလင်း ကန်ဆင်းမိုးလ ဂရုဓမ္မ

ဝိသဇ္ဇက(ပဲခူး)

"... ရေယဉ်တည့်မြစ်တွင်း၊ သင်ဖြူးခင်း၊ တော်သလင်းဟု၊ ခေါ်ရင်းလအမှန်၊ ဝသန်တည့်စိုရွှဲ၊ ရွာမစဲ၊ ခေါ် မြကန်ရာသီ၊ ဖူးစီတည့်လေဖျန်း၊ ရင်းမာပန်း။"...

ဦးယာ၏ တစ်ဆယ့်နှစ်ရာသီဖွဲ့လူးတား

တော်သလင်းလရာသီတွင် မြစ်အတွင်းရှိရေပြင်သည် လှိုင်းလေငြိမ်သက်လျက် စိတ်အစဉ်ဝယ် လွမ်းမောခံစားဖွယ် ဖြစ်သည်။ မိုးကရွာ သွန်းဆဲ. . . . တဖွဲဖွဲဖြစ်လျက် ကြည်လင်အေးမြနေသောရေပြင်သည် လေပြည်လေညင်း ဖျန်းပက်မှုအောက်တွင် ရင်းမာပန်းဖူးကလေးများက အစီအရီပွင့်လျက်ရှိ၏။

တော်သလင်းလ၏ အလှအပဖြစ်စဉ်တွင် ဘုတ်ငှက်၊ ဇီဝဖိုးငှက်နှင့် ပဲတောင်ပြုတ်ငှက်တို့ မြူးထူးပျော်ပါးကြသည်။ ဝတ်ရည်များ သယ်ယူနေကြသည်။ ရင်းမာပန်းများ၏ ရနံ့တို့သည်လည်း မွှေးကြိုင်သင်းပျံ့နေကြသည်။ ထိုကဲ့သို့ဖြစ်စဉ်တို့အား အဲချင်းစာဆိုမယ်ခွေက "စိတ်လက်ကယ်ညှိုးအောင် မိုးတစ်လှည့်နှင့် အိုဘယ့်ရာသီ လည်ပြောက်လည်လှုပ်၊ ပဲတောင်ပြုတ်နှင့် ဘုတ်ဇီဝဖိုး၊ တောင်တရိုးက၊ ချစ်ကြိုးမပျက်၊ လည်ချင်းယှဉ်လို့၊ ဝတ်ရက်ကယ်ချီသည်၊ ဝေသီသီမြင့်နန်းက၊ ပန်းရင်းမာမွှေး"ဟု ဖော်ကျူးခဲ့သည်။

"တော်သလင်းမြစ်တွင်းသင်ဖြူးခင်း" ဆိုရိုးစကားနှင့်အညီ ဤလတွင် ကြေးမုံပြင်ကဲ့သို့ ညီညာပြန့်ပြူးသော ရေပြင်၌ လှေပြိုင်ပွဲများကျင်းပရန် အကောင်းဆုံးအချိန်အခါဖြစ်သည်။ ရှေးမြန်မာဘုရင်တို့၏ လှေပြိုင်ပွဲကို မြစ်ယံပွဲဟူ၍လည်းကောင်း၊ ပန်းလှသဘင်ဟူ၍လည်းကောင်း ခေါ်ဆိုကျင်းပလာကြသည်။ လှေသဘင်ကျင်းပသည့်အပြင် သစ်ဆင်းပွဲကိုလည်း ကျင်းပလေ့ရှိသည်။ ထို့ကြောင့်လည်း တော်သလင်းလကို သစ်ဆင်းလဟု အမှတ်သညာပြုကြသည်။ သစ်ဆင်းဟူသော ဝေါဟာရအနက်ကိုဖော်ရာ၌ မြစ်တွင်း၌ သစ်ဖောင်များမျှောသည်ကို အစွဲပြု၍ အနက်ဖွင့်ဆိုကြခြင်းဖြစ်သည်ဟု ယူဆဖွယ်ရှိသည်။ သမန္တစက္ခုကျမ်းအရ သစ်ဆင်းပွဲသည် လှေပြိုင်ပွဲကိုပင် ဆိုလိုသည်။ မြစ်ထဲ၌ သစ်မျှောခြင်းသည် ပွဲသဘင်မဟုတ်ဟူသော ဆရာကြီးဒဂုန်နတ်လျှင် အယူအဆကိုလည်း ဖတ်ဖူးမှတ်ဖူးကြပေမည်။

တော်သလင်းကို "သစ်ဆင်း"ဟူသော အမည်နှင့် စပ်လျဉ်း၍ သက္ကရာဇ် ၈၈၉ ခုနှစ်ခန့်က ရှင်အဂ္ဂသမာဓိ စပ်ဆိုခဲ့သည့် "သုဝဏ္ဏလျှံသေဋ္ဌေးခန်း"ပျို့တွင် "အခါခါ မင်္ဂလာဖြင့်၊ တကာလူဗိုလ်၊ လွန်ကြည်ညို၍၊ ဝါဆိုဝါခေါင်၊ ယဉ်ဘောင်သစ်ဆင်း"ဟူ၍ စပ်ဆိုထားသည်။ ထို့နောက် သက္ကရာဇ် ၉၃၁ ခုနှစ်တွင် စပ်ဆိုခဲ့သည်ဟု ယူဆရသည့် ရာဇဗာဟုဆို မင်းရဲကျော်စွာ စုန်ချေင်းတွင် "...သဘင်ပန်းလှ၊ ခါရတုဖြင့်၊ ပျော်မှုစံခင်း၊ တော်သလင်းတုံ၊ သစ်ဆင်းအခါ ပျော်ဘွယ်သာတည့်. . ."ဟူ၍ လေ့လာရပါသည်။

ရှေးသူဟောင်းတို့က တော်သလင်းလကို သစ်ဆင်းလဟူ၍ အမည်ရှိခဲ့သော်လည်း ပုဂံခေတ်၊ ပထမအင်းဝခေတ် ကျောက်စာတို့တွင် သစ်ဆင်းလဟု ခေါ်ဆိုရေးသားကြသည်ကို မတွေ့ရပါ။ ၉၅၂ ခုနှစ်ထိုး ကျောက်ဆည်မြို့ ရွှေသာလျောင်း ကျောက်စာတွင် "သက္ကရာဇ်သဉ္ဇာ၊ ကိုယ့်ရာငါးဆယ်၊ စွန်သွယ်နှစ်ခု၊ ဥတုဝဿ၊ လက်ာသစ်ဆင်း၊ တော်သလင်းဆန်တက်၊ ယှစ်ရက်ပိတပူနိယ်"ဟူ၍သစ်ဆင်းအသုံးကို ရှေးဦးစွာ တွေ့ရသည်ဆို၏။ ထိုခေတ်က သစ်ဆင်းပွဲကျင်းပသည်ကို အကြောင်းပြု၍ သစ်ဆင်းလဟု အမည်တစ်မျိုးမှည့်ခဲ့ကြဟန်ရှိပေသည်။ သစ်ဆင်းအမည်သည် မြန်မာတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော သစ်ဖောင်၊ ဝါးဖောင်တို့မျှောခြင်းနှင့် စပ်လျဉ်းခြင်းဖြစ်နိုင်ပေသည်။

မိုးတိမ်ကင်းစင်သည့် ကောင်းကင်ဝယ် နေမင်းက "တော်သလင်းနေ၊ ပုစွန်သေ"ဟူသော ဆိုစကားဖြစ်လောက်အောင် ပြင်းပြစွာထွန်းလင်းလျက်ရှိနေသော်လည်း မိုးရွာတတ်သည်။ တစ်ရက်တန်သည် နှစ်ရက်တန်သည် သည်းတတ်၏။ ရှေးစားဖိုသည် ထမင်းချက်သမားတို့သည် မစဲသောမိုးရေရွှဲရွှဲတွင် ဆင်းရဲဒုက္ခကြုံရသေး၏။ ထိုအချက်ကို တောင်သူတို့က "တော်သလင်းတိမ်ညို၊ စားဖိုသည် ဆင်းရဲ၊ မိုးမစဲ"ဟု မိုးလင်္ကာဖြင့် အဓိပ္ပာယ်ဖော်ခဲ့သည်။ တန်ဆိပ်ဝန်မင်းက အဘိရုကပျို့တွင် "ရောင်ခြည်ထိန်းလင်းသိပ်ကဆင်း၍ လျှံဝင်းဖြိုးဖြိုးကန်ဆင်းမိုး" ဟု စပ်ဆိုထား၏။

ကန်ဆင်းမိုးဟူသည် မြန်မာနှစ်ဆန်းတစ်ရက်မှ ရေတွက်လျှင် ရက်ပေါင်း ၁၄၆ ရက်ဖြစ်သောနေ့ကို ဗဟိုထား၍ ရှေ့ခုနစ်ရက် နောက်ခုနစ်ရက်တွင် ရွာတတ်စေသောမိုးကို ဆိုလိုသည်။ "အိုးရေသောက်၊ ကြယ်လွဲရောက်" (အိုး= ၁၊ ရေ=၄၊ သောက်=၆)လင်္ကာတို့ဖြင့် မှတ်သားခဲ့ကြသည်။ ထိုနေ့ အရုဏ်တက်ချိန်တွင် မိုးကောင်းကင်၌ ဖျောက်ဆိပ်ကြယ်မွှန်းလွဲသည့် တနင်္ဂနွေဂြိုဟ်သည် သိဟ်ရာသီမှ ကန်ရာသီသို့ ရွှေ့ပြောင်းဆင်းသက်သည်။ ထိုအခါတွင် ရွာသောမိုးကို ကန်ဆင်းမိုး (သို့မဟုတ်) ကြယ်လွဲမိုးဟု မှတ်ယူကြသည်။ ထိုကဲ့သို့ မိုးရွာသည်ကို နှမ်းကြီးကြဲမိုးဟုလည်း ခေါ်ကြပြန်သည်။

မာဃဒေဝလင်္ကာသစ်ကြီး၌လည်း "မှတ်လော့ထင်ရှား၊ အတိတ်ကြားက ရာငါးဆယ့်လေး၊ မကြားသဉ္ဇာ၊ ပဒုမ္မာကြာနှင့် ရင်းမာထုံသင်း၊ တော်သလင်း၌ ကန်ဆင်းခေါ်မြဲ၊ ဖျောက်ဆိပ်လွဲဟု နှမ်းကြဲကာလ၊ ဟူကုန်ကြ၏" မှတ်တမ်းတင်ထားသည်။ "ဖျောက်ဆိပ်မွှန်းလွဲ၊ နှမ်းကြီးကြဲလျက်၊ အမြဲတူကွ နိယာမဖြင့် တွင်းဝညီညံ၊ ပုရစ်သံတို့၊ မောင်နှံဖိုမ၊ မြည်စကြ၏" ဤလိုရာသီမျိုးတွင် ပုရစ်ဖိုမတို့ဘာသာဘာဝ မြည်ကြွေးကြသည်မှာ အညာကျေးလက်ဒေသ၏ လွမ်းဆွတ်ဖွယ်အထိမ်းအမှတ် ဖြစ်ပေတော့၏။

ရက်မြတ်ချိန်ခါဝါတွင်းဖြစ်သော "တော်သလင်းလ၏ လပြည့်နေ့"သည် ဘုရားကျောင်း၊ ဇရပ်များတွင် ဒါနကုသိုလ်ပြုရင်း ဥပုသ်သီတင်းဆောက်တည်ခြင်းတည်းဟူသော သီလကုသိုလ်ကောင်းမှုပြုကြသည့် **"ဂရုဓမ္မအခါတော်နေ့"** ဖြစ်၏။

"ဂရုဓမ္မသီလသည် သူတော်ကောင်းတို့က ဂရုထား၍ ကျင့်သုံးအပ်သော တရားဖြစ်သည်။ ကမ္ဘာဦးအခါက စတင်ပေါ်ပေါက်သော တရားဖြစ်၍ ပဝေဏီဓမ္မဟုခေါ်၏။"

ဂရုဓမ္မသီလဟူသည်. . .

၁။ ပါဏောနဟန္တဗ္ဗော (သူ့အသက်မသတ်ရ)

၂။ အဒိန္နံနအာတဗ္ဗံ (သူ့တစ်ပါးဥစ္စာ မခိုးရ)

၃။ ကာမေသုမိစ္ဆာနစရိတဗ္ဗာ (ကာမဂုဏ်အမှု၌ မှားယွင်းစွာမကျင့်ရ)

၄။ မုသာန ဘဏိကဗ္ဗာ (မဟုတ်မမှန်စကားကို မပြောရ)

၅။ မဇ္ဇံနပါတဗ္ဗံ (သေရည်သေရက်မသောက်ရ)

စသောသီလတို့ဖြစ်ပေသည်။ ယင်းသီလငါးပါးတို့၏ ဝိသေသမှာ-

-လူတိုင်းလိုက်နာကျင့်သုံးရမည့် ဓမ္မတာတရားဖြစ်သောကြောင့် **ဓမ္မတာသီလ**

-စကြဝတေးမင်းတို့ ဓမ္မသတ်သဖွယ် အုပ်ချုပ်ကျင့်သုံးသောကြောင့် **စက္ကဝတ္တိဓမ္မသတ်**

-လူပုဂ္ဂိုလ်တို့၏ ကိုယ်ကျင့်တရားဖြစ်သောကြောင့် **ဂဟဋ္ဌသီလ**

-အရေအတွက်ငါးပါးရှိသောကြောင့် **ပဉ္စသီငါးပါးသီလ**

-လူပုဂ္ဂိုလ်တို့အတွက် အမြဲတမ်းဆောက်တည်စောင့်ထိန်းအပ်သော **နိစ္စသီလ**

-မြတ်စွာဘုရားကိုယ်တော်တိုင် တားမြစ်အပ်သော သီလဖြစ်သောကြောင့် **ဝါရိတ္တသီလ**

-အရိယာပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးအပ်သောကြောင့် **အရိယာကန္တသီလ**

-ကျင့်သုံးအပ်၊ ကျင့်သုံးထိုက်အပ်သောကြောင့် **သိက္ခာပဒသီလ** စသည်တို့ဖြစ်၏။

သီလစောင့်ထိန်းခြင်း၏ အကျိုးပြုသာဓကသည် အနောမဒဿီဘုရားရှင်လက်ထက်က ဗန္ဓုမတီပြည်၌ အလွန်ဆင်းရဲသော သူရင်းငှားတစ်ယောက်ရှိသည်။ သူသည် စေတနာသဒ္ဓါတရားရှိသော်လည်း ဆင်းရဲသဖြင့် အလှူဒါနမပြုနိုင်၊ ထို့ကြောင့် ငါးပါးသီလကိုသာလျှင် လုံခြုံအောင်စောင့်အံ့ဟု ဆုံးဖြတ်၍ အနှစ်တစ်သိန်းဆောက်တည်သည်။ ထိုသို့စောင့်ထိန်းသော သီလကုသိုလ်ကြောင့် သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ သိကြားမင်းအဖြစ် ငါးကြိမ်၊ ပဒေသရာဇ်ဧကရာဇ်မင်းအဖြစ် အကြိမ်ကြိမ်ခံစားရသည်။ ဂေါတမဘုရားရှင်လက်ထက်တွင် ဝေသာလီပြည်၌ မဟာသာလသူကြွယ်မျိုးဖြစ်သည်။ သူသည် ပါရမီဉာဏ်ရင့်သန်ခဲ့သည့်အလျောက် ငါးနှစ်သားအရွယ်မှစ၍ ငါးပါးသီလခံယူဆောက်တည်သည်။ ငါးနှစ်သားမှာပင် ရဟန္တာဖြစ်ကာ ပဉ္စသီလသမာဒါနိယထေရ်ဖြစ်သည်။

ဘုရားရှင်သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် သေတဗျမြို့မှ ဆင်းရဲသားဆတ္တမာဏဝလုလင်နှင့် ဆုံလေသည်။ ထိုစဉ် ဘုရားရှင်က ဆတ္တမာဏဝလုလင်အား သရဏဂုံသုံးပါးနှင့် ငါးပါးသီလဟောကြားလိုက်၍ သီလများဆောက်တည်ခဲ့သည်။ လမ်းခရီး၌ ဆတ္တမာဏဝလုလင်အား ဓားပြများကသတ်၍ ပစ္စည်းများကို ယူဆောင်သွားကြသည်။ ဆတ္တမာဏဝလုလင်သည် သေလွန်သော် ထိုနေ့က ဆောက်တည်ခဲ့သည့် သရဏဂုံနှင့် ငါးပါးသီလ၏ အကျိုးကြောင့် တာဝတိံသာနတ်ပြည်တွင် ယူဇနာ ၃၀ အကျယ်အဝန်းရှိသော ဗိမာန်၌ နတ်သားဖြစ်သည်။

ထို့ပြင် ငါးပါးသီလသည် အပျို၊ လူပျိုတို့ ကျင့်စဉ်ဟုခေါ်၏။ ငါးပါးသီလတွင် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်သည် မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်းဟူသော အဗြဟ္မစရိယ သိက္ခာပုဒ်ကို ဆောက်တည်ခြင်းဖြစ်၏။ ယင်းကို အမျိုးသမီးများစောင့်ထိန်းလျှင် ကောမာရီဗြဟ္မစရိယဟုခေါ်၍ အမျိုးသားများ စောင့်ထိန်းလျှင် ကောမရဗြဟ္မစရိယဟုခေါ်သည်။

ငါးပါးသီလ၏ အကျိုးကျေးဇူးကား အနှစ်တစ်သိန်းဆောက်တည်ခဲ့သူ၏ အကျိုးကျေးဇူးကို မဆိုထားဘိ၊ တစ်ခဏတာမျှဆောက်တည်ခဲ့သူ၏ အကျိုးကျေးဇူးသည်ပင် နတ်ရွာသုဂတိရောက်သည့်အဖြစ်ရှိခဲ့၏။

ယင်းသီလတော်များပျက်၍ မစောင့်ထိန်းဘဲ ကျူးလွန်သူသည် (၁)များစွာသော စည်းစိမ်ဥစ္စာ ဆုတ်ယုတ်ပျက်စီးခြင်း၊ (၂) မကောင်းသတင်းကျော်စောခြင်း၊ (၃)ကြောက်ရွံ့ထိတ်လန့်မရွှင်ပျသောမျက်နှာဖြင့် ပရိသတ်များသို့ ချဉ်းကပ်ရခြင်း၊ (၄) ပြင်းစွာတွေဝေမိန်းမောသည်ဖြစ်၍ သေရခြင်း၊ (၅) သေသည်၏ အခြားမဲ့၌ အပါယ်သို့ကျရောက်ရခြင်းဟူသော ဆိုးကျိုးတို့ကို ခံစားရသည်။

ယင်းသီလတော်များ လုံခြုံပြည့်စုံသူသည် (၁) များမြတ်သော စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း၊ (၂) ကောင်းသောဂုဏ်သတင်းကျော်စောခြင်း၊ (၃) မင်း၊ ပုဏ္ဏား၊သူကြွယ်၊ ရဟန်း၊ ပရိသတ်တို့အလယ်၌ ရဲရင့်တည်ကြည်ခြင်း၊ ရွှင်လန်းသောမျက်နှာဖြင့် ချဉ်းကပ်ကြခြင်း၊ (၄) မတွေမဝေစိတ်ကြည်ကြည်လင်လင်သေရခြင်း၊ (၅) သေလွန်ပြီးနောက် ကုသိုလ်ပြုသူတို့၏ လားရာဖြစ်သော နတ်ပြည်လောကသို့ရောက်ရခြင်း အကျိုးတရားတို့ ခံစားကြရသည်။

သူတော်စင်တို့သည် မိမိတို့ဆိုင်ရာ သီလများကို စောင့်ထိန်းကြရသည်။ အထူးသဖြင့် ဂရုဓမ္မသီလတော်ဖြစ်သော ငါးပါးသီလကို အဓိကစောင့်ထိန်းကြရသည်။ သီလဆိုသည်မှာ ကောင်းသောအကျင့်ကို ဆိုလိုခြင်းပင်ဖြစ်၏။ တစ်နည်းအားဖြင့် စောင့်ရှောက်ထိန်းသိမ်းရမည့် အကျင့်တရားဖြစ်၏။

ထိုအကျင့်တရား၌လည်း ကောင်းစွာထားရှိခြင်းနှင့် ကောင်းစွာလုပ်ဆောင်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ ကောင်းစွာထားရှိခြင်းဆိုသည်မှာ ကာယကံမှု၊ ဝစီကံမှုတို့ကို မကျူးလွန်အောင် စောင့်ထိန်းထားရှိခြင်းဖြစ်၏။ ကောင်းစွာလုပ်ဆောင်ခြင်းဆိုသည်မှာ မိမိပြုမူဆောင်ရွက်ချက်မှန်သမျှသည် သီလနှင့် မကင်းစေခြင်းပင်ဖြစ်၏။ ထို့ကြောင့် သီလသည် စောင့်ထိန်းခြင်းအကြောင်းရင်းဖြစ်၍ သီလကြောင့် ကုသိုလ်တရားတိုးအောင် ပြုလုပ်ခြင်းပင်လျှင် ကောင်းစွာလုပ်ဆောင်ခြင်း မည်သည်ဟု ဆိုရမည်ဖြစ်သည်။ သို့ဖြစ်၍ တော်သလင်းလ ဝါတွင်းအခါသမယတွင် သူတော်စင်တို့၏ ကျင့်စဉ်ဖြစ်သည့် ဂရုဓမ္မသီလဖြစ်သော ငါးပါးသီလကို စောင့်ထိန်းကြရန် ရေးသားလိုက်ရပေသည်။ ။

စာတည်းမှူးထံ ရောက်လာသည့် ပေးစာများ

မီဒီယာများကို ပြည်သူ့ဝန်ဆောင်မှုမီဒီယာများအဖြစ် ပြောင်းလဲနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် မိမိတို့၏ ပုံနှိပ်မီဒီယာများ အနေဖြင့်လည်း အသွင်သဏ္ဍာန်အားဖြင့် ယခင်မြင်ရိုးမြင်စဉ်များအတိုင်း မဟုတ်တော့ဘဲ သွက်လက်ဆန်းသစ်၍ ဆွဲဆောင်မှုရှိသော အသွင်သဏ္ဍာန်ဖြစ်ပေါ်လာရန် အားထုတ်လျက်ရှိပြီး အနှစ်သာရအားဖြင့်လည်း ပြည်သူကိုအသိပေးရန်လိုသည့် (need to know) သတင်းများသာမက ပြည်သူများက သိရှိလိုကြသည့် (want to know) သတင်းများကို ဖော်ပြပေးနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

သတင်းစာများ၏ ပြည်သူ့ဝန်ဆောင်မှုများအနက် ပေးစာကဏ္ဍမှာ ခေတ်အဆက်ဆက်ကပင် တည်ရှိလာခဲ့သော ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ဟစ်တိုင်၊ လူထုအော်သံ၊ ပြည်သူ့အသံ၊ အယ်ဒီတာထံပေးစာ စသည်ဖြင့် သတင်းစာအသီးသီးတွင် ဖော်ပြခဲ့ကြသည့် ပေးစာကဏ္ဍတို့မှာ ပြည်သူများနှင့် တရင်းတနှီးရှိခဲ့ကြသည်။ သတင်းစာများထံ ပေးစာများပေးပို့ရာတွင် ရောက်ရှိလာသမျှစာအားလုံးကို ချက်ချင်းဖော်ပြပေးနိုင်သည့် အခြေအနေမျိုးမဟုတ်ဘဲ ရွေးချယ်စိစစ်တည်းဖြတ်ကာ စာမျက်နှာပေးသလောက်သာ ဖော်ပြပေးနိုင်သည့် အနေအထားမျိုးဖြစ်ပါသည်။ ထို့ကြောင့် တစ်ခါတစ်ရံ သတင်းစာတွင် ပေးစာဖော်ပြပါရှိလာချိန်တွင် ပြင်ပမှအခြေအနေနှင့် ကွာခြားသွားခြင်းမျိုးဖြစ်တတ်ပါသည်။ ဥပမာ- စည်ပင်သာယာက အမှိုက်ပုံကြီးကို သိမ်းဆည်းပေးပြီးချိန်ကျမှ အမှိုက်ပုံကြီးရွှေ့ပေးပါဟူသော ပေးစာ သတင်းစာတွင် ပါလာသည့် အခြေအနေမျိုးဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ သတင်းစာဖတ်ပရိသတ်များကရော သက်ဆိုင်ရာဌာနများကပါ သတင်းစာကို နားလည်ခွင့်လွှတ်ပေးခဲ့သည်ချည်းသာဖြစ်ပါသည်။

ယခုတစ်ပတ်တွင် ပထမဆုံးရွေးချယ်ဖော်ပြလိုသောစာမှာ တောင်ဥက္ကလာပ (၄)ရပ်ကွက် သဒ္ဓါလမ်းသားများ၏ပေးစာဖြစ်သော ပါရမီလမ်းမကြီးပေါ်ရှိ ညောင်ပင်မှတ်တိုင်တွင် လိုင်းကားများမရပ်ကြတော့ဘဲ ဝေဇယန္တာမီးပွိုင့်အနီး သဒ္ဓါလမ်းထိပ်တည့်တည့်တွင် ပိတ်ဆို့ရပ်တန့်ကာ လူတင်/ချလုပ်နေကြသည့်အပြင် အချိန်ကြာမြင့်စွာ ရပ်စောင့် လူခေါ်နေကြခြင်းကြောင့် ရပ်ကွက်အတွင်းကားများ ဝင်ထွက်ခက်ခဲနေရခြင်း၊ ယာဉ်အန္တရာယ်များ ဖြစ်ပေါ်လေ့ရှိခြင်းစသည်တို့အပြင် လိုင်းကားအချင်းချင်းမှာလည်း မကြာခဏခိုက်ရန်ဖြစ်ပွားနေကြခြင်းတို့ကြောင့် ၎င်းတို့၏မူလမှတ်တိုင်ဖြစ်သောညောင်ပင်မှတ်တိုင်တွင် စနစ်တကျရပ်တန့်ရန်အတွက် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြသောစာဖြစ်ပါသည်။

ဆက်လက်၍ စမ်းချောင်းမြို့နယ် စမ်းချောင်းမြောက်ရပ်ကွက် မင်္ဂလာလမ်းနှင့် ဗားကရာလမ်းမကြားရှိ နောက်ဖေးလမ်းကြားတွင် ကျူးကျော်အဆောက်အအုံများနှင့် အမှိုက်များကြောင့် ပတ်ဝန်းကျင်နေအိမ်များအတွင်း အမှိုက်များ၊ အညစ်အကြေးရေများဝင်ရောက်လျက်ရှိပါသဖြင့် သက်ဆိုင်ရာမှစိစစ်ဆောင်ရွက်ပေးပါရန် သန့်ရှင်းစေလိုသူတစ်ဦးက ရေးသည့်စာ။

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ ဘုရင့်လမ်းရှိ လုပ်ငန်းတစ်ခုက ငရုတ်သီးကြော်ခြင်း၊ ဆီချက်ခြင်းများပြုလုပ်လျက်ရှိရာ ညော်နံ့များကို ပတ်ဝန်းကျင်နေသူများ ခံစားနေရသဖြင့် သက်ဆိုင်ရာက စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြလိုက်သည့်စာ။

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တာမွေလေးရပ်ကွက် လေးဒေါင့်ကန်လမ်းမကြီးရှိ ခြံတစ်ခြံတွင် ကားဘော်ဒီပြုပြင်ခြင်းနှင့် ဆေးမှုတ်ခြင်းများလုပ်ကိုင်လျက်ရှိရာ ထုရိုက်သံများ၊ မှုတ်ဆေးနံ့၊ ခတ်ငွေ့နံ့၊ သတ္တုညော်နံ့များကြောင့်သက်ကြီးရွယ်အိုများ၊ ကလေးများကျန်းမာရေးထိခိုက်နေပါသဖြင့် ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြသည့်စာ။

ရွှေပြည်သာမြို့နယ် ဇီးကုန်းပန်းခြံစု စံပြကျေးရွာ၊ ပန်းခြံစု(၁)လမ်းနှင့် အမှတ်(၄)လမ်းမကြီးဘေး ရေမြောင်းများ ပိတ်ဆို့နေခြင်းကြောင့် အိမ်ခြံဝင်းများနှင့် လမ်းများပေါ်တွင် ရေများလျှံတက်နေပါသဖြင့် သက်ဆိုင်ရာမှကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးပါရန် တင်ပြသည့်စာ။

မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံနှင့် ဘုရင့်နောင်ကားပစ္စည်းဈေးအတွင်း လိုင်စင်မဲ့ကုန်တင်ဆိုက်ကား(ဂါလီ)များ ပြေးဆွဲနေသဖြင့် စည်ပင်လိုင်စင်ရှိသော ကုန်တင်ဆိုက်ကား(ဂါလီ)နင်းသားများ၊ ပိုင်ရှင်များနစ်နာရပါသောကြောင့် သက်ဆိုင်ရာက အရေးယူပေးပါရန်တင်ပြသည့်စာ။

ကမာရွတ်မြို့နယ် (၄)ရပ်ကွက် ဇောတိကလမ်းရှိ ရေသန့်စက်ရုံဝင်းအတွင်းမှ တူထုသံ၊ ဝရိန်ဆော်သံများ၊ ညော်နံ့များကြောင့် ပတ်ဝန်းကျင်နေသူများ ထိခိုက်ကြရသည့်အပြင် မီးအန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာကဆောင်ရွက်ပေးပါရန် တင်ပြသည့်စာ။

သာကေတမြို့နယ် (၄)ရပ်ကွက်တောင်ပိုင်း မြို့မ(၁)လမ်းရှေ့မြေပေါ်တွင် မီးသွေးတောင့်လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ အင်ဂျင်သံနှင့် မီးသွေးညော်နံ့များကြောင့် ရပ်ကွက်နေသူများ ကျန်းမာရေးထိခိုက်ပါသဖြင့် အရေးယူပေးပါရန်တင်ပြသည့်စာ။

ရွှေပြည်သာမြို့နယ် (၅/၇) ရပ်ကွက် ချယ်ရီပန်းခြံအတွင်း အသံချဲ့စက်ကို နံနက် ၃ နာရီခန့်မှစကာဖွင့်နေသည့်အပြင် အသံကိုလည်းနားမခံသာအောင် ကျယ်လောင်စွာဖွင့်နေသဖြင့် ပတ်ဝန်းကျင်နေသူများ အနှောင့်အယှက်ဖြစ်ကြရသဖြင့် သက်ဆိုင်ရာက စိစစ်ဆောင်ရွက်ပေးပါရန်တင်ပြသည့်စာ။

လှိုင်မြို့နယ် (၁)ရပ်ကွက် ရွာမကျောင်းလမ်းနှင့် ဗဟိုလမ်းအနီး အိမ်တစ်အိမ်ရှိ ဆိုင်ခန်းနှစ်ခန်းတွင် တစ်ခန်းကသံပန်းသံတံခါးလုပ်ငန်းလုပ်ကိုင်ပြီး နောက်တစ်ခန်းက ဂက်စ်အိုးများ ဂက်စ်ဖြည့်ခြင်း၊ ဂက်စ်အိုးအဟောင်းများပြုပြင်ခြင်း လုပ်ကိုင်နေပါသဖြင့် မီးဘေးစိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာက စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြသည့်စာ။

လှိုင်မြို့နယ် (၁၀)ရပ်ကွက် ကန်ရိပ်သာလမ်းနှင့် တာဝတိံသာလမ်းထောင့်ခြင်းလုံးရုံဘေး ကားလမ်းပေါ်ရှိ အမှိုက်ပုံကြီးကို ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြသည့်စာ။

လှိုင်မြို့နယ် (၆)ရပ်ကွက် သုခလမ်းနှင့် (၅၁)လမ်းထိပ်တွင် ဈေးဆိုင်များလမ်းပေါ်တွင်ရောင်းချနေကြသည့်အပြင် အော်ဟစ်ဆူညံခြင်း၊ အမျိုးသမီးများအား နောက်ပြောင်ခြင်းတို့ ပြုလုပ်နေသဖြင့် အရေးယူရှင်းလင်းပေးပါရန်စာတို့ကို ဆိုင်ရာတို့ သိရှိဆောင်ရွက်ပေးနိုင်ပါရန် ဖော်ပြပေးလိုက်ပါသည်။ ။

ညောင်ဦးတွင် ခိုင်းနွားနှစ်ကောင် မိုးကြိုးထိမှန်သေဆုံး

ညောင်ဦး စက်တင်ဘာ ၂၉

ညောင်ဦးမြို့နယ် ယဉ်ဆမ်းကျေးရွာအုပ်စု ရွာသာကျေးရွာ၌ စက်တင်ဘာ ၂၈ ရက် ညနေ ၃ နာရီတွင် မိုးသည်းထန်စွာ ရွာသွန်းနေစဉ် ဦးလှသိန်း၏ ခိုင်းနွားနှစ်ကောင်ကို မိုးကြိုးပစ်ခံခဲ့ရသည်။

အဆိုပါ ခိုင်းနွားနှစ်ကောင်ကို ပိုင်ရှင် ဦးလှသိန်းက နွားကျောင်းစားကျက်ထဲသို့ လွှတ်ကျောင်းနေစဉ် အမှတ်မထင်မိုးသည်းထန်စွာရွာပြီး ခိုင်းနွားနှစ်ကောင်ကို တစ်ပြိုင်တည်း မိုးကြိုးပစ်လိုက်ရာ နှစ်ကောင်လုံးသေဆုံးခဲ့ကြောင်း သိရသည်။ (၁၆၉)

ဆွယ်တာစက်များအား ဖုံးအုပ်နေစဉ် မိုးကြိုးထိမှန်

ပြင်ဦးလွင် စက်တင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဆွယ်တာစက်များဖုံးအုပ်နေစဉ် လူနှစ်ဦး မိုးကြိုးထိမှန်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ အောင်ဆန်းလမ်း ရပ်ကွက်ကြီး (၇) ရုံးရှေ့နေ သွပ်မိုး-ထရံကာ၊ မြေစိုက် တစ်ထပ်နေအိမ်၌ အိမ်ခေါင်မိုးမှတစ်ဆင့် ဆွယ်တာစက်များအပေါ်သို့ မိုးရေကျသည့်အတွက် မောင်မင်းစိန် (၂၇)နှစ်နှင့် မောင်ရဲထွန်း (၁၆)နှစ်တို့က စက်များကိုဖုံးအုပ်နေစဉ် မောင်မင်းစိန်မှာ မိုးကြိုးထိမှန် သေဆုံးသွားပြီး မောင်ရဲထွန်းမှာ လက်နှစ်ဖက်အား မိုးကြိုးထိမှန်၍ လွင့်စဉ်သွားကြောင်း သိရသည်။ (၆၁၃)

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ထိုင်းနိုင်ငံ၌ သင်တန်းတက်ရောက်မည့် အရန်သားဖွားဆရာမများအား တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၇ ရက် မွန်းတည့် ၁၂ နာရီတွင် ထိုင်းနိုင်ငံ ချင်းရိုင်မြို့ဆေးရုံ၌ အဆင့်မြင့်သင်တန်းတက်ရောက်ကြမည့် မကွေးတိုင်းဒေသကြီး အတွင်းမှ အရန်သားဖွားဆရာမများအား တွေ့ဆုံ၍ အဆင့်မြင့် ပညာများသင်ကြားရန် ပြည်ပနိုင်ငံများသို့စေလွှတ်၍ ပညာ သင်ကြားနိုင်ရေး ကြိုးစားဆောင်ရွက်ခဲ့ရာ ယခုပထမအသုတ် အနေဖြင့် စေလွှတ်ပေးခြင်းဖြစ်ကြောင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊ တိုင်းဒေသကြီးနှင့်နိုင်ငံအတွက် ဂုဏ်သိက္ခာမြင့်မား ရေးအတွက် ပညာကို ကြိုးစားသင်ကြားကြရန် မှာကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း စဉ်မှ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေပြည်သူ များ၏ကျန်းမာရေး အပြည့်အဝစောင့်ရှောက်နိုင်ရန်ရည်ရွယ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မယ်ဖာလုံဖောင်ဒေးရှင်းတို့ ပူးပေါင်းကာ အရန်သားဖွားသင်တန်းတက်ရောက်ပြီး လုပ်ငန်း အတွေ့အကြုံရှိသူ၊ ထူးချွန်သူများအနက်မှ ပထမအသုတ် အနေဖြင့် အရန်သားဖွားဆရာမ ၁၀ ဦးအား ထိုင်းနိုင်ငံသို့ ရက်သတ္တပါးပတ်ကြာ အဆင့်မြင့်သင်တန်းများ တက်ရောက်ရန် စေလွှတ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ဗီယက်နမ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Mr.DO HOANG ANH YUAN အား သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

စက်တင်ဘာ ၂၈ ရက်က မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Pisanu Suvanajata က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရ နဝကမ္မ ငွေပဒေသာပင် အလှူငွေ ထိုင်းဘတ် တစ်သိန်းအား ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ဗီယက်နမ်နိုင်ငံ၌ကျင်းပသည့် ညီလာခံသို့သွားရောက်

နေပြည်တော် စက်တင်ဘာ ၂၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ဗီယက်နမ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယူနီဆက်တို့ ကြီးမှူးကျင်းပသော East Asia and Pacific Conference on Public Finance, Social Policies & Children ညီလာခံသို့ တက်ရောက်ပြီး ညီလာခံ ပထမနေ့စာတမ်းဖတ်ပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကာ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးမူဝါဒများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၂၅ ရက်နံနက် ၁၀ နာရီတွင် ဗီယက်နမ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Mr.DO HOANG ANH YUAN နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရေး နားလည်မှုစာချွန်လွှာ၏ Action Plan နှင့် မြန်မာနိုင်ငံတွင် ငွေအရင်းအနှီးဈေးကွက် ထူထောင်ရေးတို့ကို ရင်းနှီးစွာဆွေးနွေးခဲ့သည်။

အဆိုပါ ညီလာခံသို့ နိုင်ငံပေါင်း ၁၉ နိုင်ငံမှ ကိုယ်စားလှယ် ပေါင်း ၁၈၀ တက်ရောက်ကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ သည် စက်တင်ဘာ ၂၇ ရက်တွင် ပြန်လည်ရောက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မလှိုင်မြို့၌ မျက်စိဝေဒနာရှင်များကို အခမဲ့ကုသပေးနေ

မလှိုင် စက်တင်ဘာ ၂၉

မလှိုင်မြို့ ရှစ်မျက်နှာဆရာတော် ဦးဆောင်သော ‘မျက်စိအလင်းဒါန အကျိုးဆောင်အဖွဲ့’ သည် ယင်းကျောင်း ပရိဝုဏ်အတွင်း၌ မျက်စိဝေဒနာရှင်များကို အခမဲ့ကုသပေးလျက်ရှိကြောင်း သိရသည်။

ယခုလ ၁၇ ရက်နေ့မှ စတင်ကာ တစ်ပတ်လျှင် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ သုံးရက်၊ တစ်ရက်လျှင် ဦးရေ ၅၀ နှုန်းဖြင့် အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင် များကို အခမဲ့ကုသပေး၍ ကုသိုလ်ပြု လျက်ရှိသည်။

သာမန်မျက်စိ ဝေဒနာရှင်များနှင့် အသေးစားခွဲစိတ်မှုများကို မလှိုင်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ မေရှင်က ကုသိုလ်ယူပြီး အကြီးစားခွဲစိတ်မှု များကိုမူ မိတ္ထီလာမြို့ ထီလာဦးဆေးခန်း တွင် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ခင်ဇော်ထွန်းက ကုသိုလ်ယူ သည်။

ဆေးဝါးများနှင့် ဆေးရုံသုံးကိရိယာများ အတွက် ကုန်ကျငွေများကို ‘မျက်စိအလင်း ဒါနအကျိုးဆောင်အဖွဲ့’ ၏ ရန်ပုံငွေမှ ကျခံသုံးစွဲသည်ဟု ယင်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်တင်က ပြောသည်။

မြို့မှာ ရာသီဥတုပူပြင်းခြင်း၊ ဖုန်ထူခြင်း၊ ရေရှားပါးခြင်းများကြောင့် မျက်စိ ဝေဒနာရှင် အရေအတွက်မှာ များပြားလှ သဖြင့် အဖွဲ့၏ရန်ပုံငွေဖြင့် ရေရှည် ခရီးဆက်ရန် အခက်အခဲကြုံတွေ့နိုင်ဖွယ် ရာရှိသဖြင့် စေတနာရှင်များ၏ အလှူဒါန များ လိုအပ်နေသည်ဟု ဆိုသည်။

သို့ဖြစ်ရာ နိုင်ငံတစ်ဝန်းမှ စေတနာရှင် သူတော်ကောင်းအပေါင်းတို့သည် ‘မျက်စိ အလင်းဒါနအကျိုးဆောင်အဖွဲ့’ ဖုန်း- ၀၆၄-၆၀၀၉၁ နှင့် ၀၆၄-၆၀၁၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်ဟု သိရသည်။

သန်းလွင်(မလှိုင်)

ထွေလီထွေလာ အရပ်တကာ — လှရှိန်အောင်

ထူးမှပို့

“ဟဲလို သတင်းစာတိုက်ကပါလားခင်ဗျာ”
အယ်ဒီတာက . . . .
“ ဟုတ်ပါတယ်ခင်ဗျာ. . . အမိန့်ရှိပါ”
“ ကျွန်တော်ကမြို့နယ်သတင်းထောက်ပါ”
“ ဟုတ်ကဲ့. . ဘာသတင်းထူးလို့လဲခင်ဗျ”
သတင်းထောက်က. .
“ ကျွန်တော်တို့မြို့မှာ ရေကြီးနေလို့ပါ. . အဲဒီသတင်းပို့ချင်လို့ပါ ခင်ဗျ”
“ ရေကြီးတဲ့သတင်းဆိုပို့မနေပါနဲ့တော့ခင်ဗျ. . ”
“ ဘာဖြစ်လို့လဲခင်ဗျ. . . ”
အယ်ဒီတာက . . .
“ ကျွန်တော်တို့ သတင်းစာတိုက်ရှေ့မှာလည်းရေကြီးနေလို့ပါ”. . . တဲ့။

ဆန္ဒရှိရင်ပေါ့

မိန်းမဖြစ်သူသည် စားသောက်ဆိုင်ပိုင်ရှင်ဖြစ်၏။ ယောကျ်ားဖြစ်သူကိုလည်း အရမ်းနိုင်၏။

ယောကျ်ားဖြစ်သူက သတင်းစာကို ဖတ်ပြလေ၏။

“ အမေရိကန်ရှိ စားသောက်ဆိုင်ပိုင်ရှင် အမျိုးသမီးတစ်ဦးသည် သမ္မတ အိုဘားမားကို နံနက်စာဖြင့် တည်ခင်းဧည့်ခံပြီး နာရီပိုင်းအနည်းငယ်အတွင်း ကွယ်လွန် သွားကြောင်း. . . ”

မိန်းမဖြစ်သူက. . .
“ သနားပါတယ်တော်. . . ”
“မိန်းမ”
“ ဘာလဲတော်”
ယောကျ်ားဖြစ်သူက စပ်ဖြဲဖြဲဖြင့်. . .
“ မင်းလည်းသမ္မတအိုဘားမားကို ထမင်းမကျွေး ချင်ဘူးလား” တဲ့။

ကြော်ငြာ

အေးဂျင့်(ပွဲစား) က နိုင်ငံခြားသို့ အလုပ်သွားလုပ်မည့် သူအား
“ ဒါက အလုပ် လုပ်ရမယ့် စက်ရုံ”
စက်ရုံက ဟဲဗီးကြီး“ အပျံစား”
“ဒါကနေရမယ့် အိမ်. . ”
ခေတ်မီသပ်ရပ်သော လုံးချင်းအိမ်ရာ။ အလုပ်သမားက
“ လုပ်မယ်ဗျာ”

ဟုဆိုကာ နိုင်ငံခြားထွက်သွားလေ၏။ တစ်ပတ်ခန့်ကြာသောအခါ အလုပ်သမားဖြစ်သူက ဒေါသပေါက်ကွဲကာ ဖုန်းဆက်လေ၏။

“လုပ်ရကိုင်ရတာလည်း အဆင်မပြေဘူး”
“နေရထိုင်ရတာလည်း စုတ်ပြတ်သတ်နေတာပဲ”
“ခင်ဗျားပြောတာတွေနဲ့ တခြားစီပါလားဗျ”
အေးဂျင့်(ပွဲစား)က
“ အဲဒါတွေက ကြော်ငြာပါကွယ်” တဲ့။

ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးအဖွဲ့ သက်ကြီးဘိုးဘွားများနှင့် ဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

နေပြည်တော် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူ လူထုအခြေပြု အသိပညာပေးဆွေးနွေးခြင်း ဆိုင်ရာ ရွှေ့လျားကျန်းမာရေးအဖွဲ့၏ ကွင်းဆင်းပညာပေးခြင်းနှင့် လက်တွေ့ ဆေးဝါးကုသပေးခြင်းတို့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာ အမှတ်(၃၄) အခြေခံပညာမူလတန်း လွန်ကျောင်း၌ကျင်းပပြီး တာဝန်ရှိသူ များက ကိုယ်ဝန်ဆောင်မိခင်များအား အနှီးပိတ်၊ အိုင်အိုဒင်းဆားနှင့် စားသောက် ဖွယ်ရာများ၊ အလျင်လိုကျေးရွာ မျက်ဝန်းသစ် စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ၊ သက်ကြီးဘိုးဘွား များအား စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ ကြသည်။ အသက်(၁၀၁)နှစ်ရှိ အဘွား ဒေါ်ခင်၏နေအိမ်သို့ သွားရောက်၍လည်း ထောက်ပံ့ငွေများ၊ ဆေးဝါး၊ စားသောက် ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ပြည်သူလူထုအခြေပြု ကျန်းမာရေး အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ အလျင်လို၊ အောင်ချမ်းသာ၊ တဲကြီးကုန်း၊ ရွာတော၊ ဂုံမင်းအင်း စသည့် ကျေးရွာငါးရွာမှ အဘိုးအဘွား ၈၂ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၃၄ ဦး၊ သွားဝေဒနာရှင် ၄၇ ဦး၊ မျက်စိဝေဒနာရှင် ၁၀၄ ဦးနှင့် အထွေထွေဝေဒနာရှင် ၁၀၁ ဦးတို့အား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ပြီး မျက်စိဝေဒနာရှင် များအား မျက်မှန်များ ထောက်ပံ့ပေးအပ် ခဲ့ကြောင်း သတင်းရရှိသည်။**(အောက်ပုံ)**

(သတင်းစဉ်)

မန်ကျည်းပင်ပိ၍ လူနှစ်ဦးဒဏ်ရာရ

ပဲခူး စက်တင်ဘာ ၂၉

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဥဿာ (၇)လမ်းတွင် စက်တင်ဘာ ၂၆ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်က မန်ကျည်းပင်ပိ၍ လူနှစ်ဦး ဒဏ်ရာများ ရရှိသွားကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဦးသိန်းဟန်(၄၂)နှစ် ဥဿာ (၇)လမ်း နန်းတော်ရာရပ်ကွက် ပဲခူးမြို့ နေသူမှာ ၎င်းပိုင် မန်ကျည်းပင်(လုံးပတ် ၄ ပေ)အား တန်ဖိုးငွေကျပ် ၁၃၀၀၀ဖြင့် ရောင်းချခဲ့ရာ အမည်မသိ လူသုံးဦးက နံနက် ၁၀ နာရီခန့်တွင် စတင်ခုတ်လှဲခဲ့ပြီး ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် မန်ကျည်းပင်လဲကျသွားရာ လမ်းပေါ်တွင် အရှေ့မှ အနောက်သို့ ဆိုင်ကယ်စီးနင်း လာသူ ဦးသန်းဝင်း(၅၈)နှစ် ဆက်သွယ်ရေး အဆင့်(၃) တိုင်းဆက်သွယ်ရေးရုံးဝင်း ပဲခူးမြို့နေသူနှင့် ဆိုင်ကယ်နောက်မှ ထိုင်စီးလာသူ မခိုင်(၄၆)နှစ် မှော်ကန် (၁၃)လမ်း ပုဏ္ဏားစုရပ်ကွက် ပဲခူးမြို့ နေသူတို့ စီးလာသည့်ဆိုင်ကယ်ပေါ်သို့ ပိကျသွားသဖြင့် ဦးသန်းဝင်းတွင် ဝဲ ဦးခေါင်းပေါက်ပြဲဒဏ်ရာတစ်ချက်၊ ယာ ဦးခေါင်း နောက်စေ့ပေါက်ပြဲဒဏ်ရာ တစ်ချက် (အတွင်းလူနာ၊ စိုးရိမ်ရ)၊ မခိုင်တွင် ယာပခုံးရိုး ကျိုးဒဏ်ရာ၊ ကျောကုန်းနာကျင်ဒဏ်ရာ(အတွင်းလူနာ၊စိုးရိမ်ရ) တို့ဖြင့် ဆေးစာရေးပို့ထားပြီး သစ်ပင် ခုတ်လှဲသူတို့အား စုံစမ်းရာ အောင်လွင် (၃၅နှစ်)၊ တင်ဇော်(၂၀)နှစ်၊ ကုလား (၁၈)နှစ် ကမာနတ်ရွာမှ ဖြစ်ကြောင်း သိရှိရသဖြင့် အမှတ်(၁)ရဲစခန်းမှ စက်တင်ဘာ ၂၆ ရက် ညနေပိုင်းတွင် အမှု ဖွင့်ပြီး တရားခံများအား ဖမ်းဆီးရမိရေးနှင့် တရားစွဲဆိုတင်ပို့နိုင်ရန် ဒုတိယရဲအုပ် ဇော်မိုးလွင်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စန်းဝေ(ဟံသာမြေ)

မိခင်ဖြစ်သူထံမှ ငွေကျပ် ၅၀၀ တောင်းမရသဖြင့် သားဖြစ်သူက နေအိမ်ကို မီးရှို့

ကြံခင်း စက်တင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ မြို့မရပ်ကွက်၌ စက်တင်ဘာ ၂၇ ရက် ည ၉ နာရီခွဲခန့်တွင် သားဖြစ်သူက နေအိမ်မီးရှို့မှုဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကြံခင်းမြို့ မြို့မရပ်ကွက် မင်းသီရိ(၂) အေးရိပ်သာ လမ်းနေ မောင်ပိုင်စိုး (၂၄)နှစ်သည် မိခင်ဖြစ်သူ ဒေါ်တင်လှထံမှ အရက်သောက်ရန် ငွေကျပ် ၅၀၀ တောင်းရာ မရသဖြင့် ည ၉ နာရီခွဲခန့်တွင် အိမ်သို့ပြန်လာပြီး ဖယောင်းတိုင်မီးဖြင့် နေအိမ်ကို မီးရှို့ရာ ခြေရင်းဘက်ဝါးထရံအကာနှင့် နီးသက်ငယ် အမိုးများ မီးစွဲလောင်ခဲ့သည်။ ရပ်ကွက်နေပြည်သူများနှင့် မီးသတ်ယာဉ် သုံးစီးဖြင့် မီးငြိမ်းသတ်ကြရာ မီးငြိမ်းသွားပြီး သက်ဆိုင်ရာက ပိုင်စိုးအား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၆၄၈)

ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးကဏ္ဍတွင် အောင်မြင် မြင့်မားစေရေးအတွက် စက်မှုကဏ္ဍကို အဓိကထားပြီး ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ စက်မှုနိုင်ငံအဆင့်ရောက်အောင် တက်လှမ်းနိုင်ရန် ကြိုးပမ်းရာတွင် စိုက်ပျိုးရေးကဏ္ဍက ရရှိလာသည့် မနေအင်အားနှင့် ပြည်တွင်း ပြည်ပမှအရင်းအနှီးများကို ဖိတ်ခေါ်ရယူစုစည်းပြီး ခေတ်မီစက်မှုနိုင်ငံတော်အဖြစ် ထူထောင်သွားရမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၈ နာရီတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် အထည်အလိပ်၊ စားသောက်ကုန်၊ ဆေးဝါး၊ စက္ကူ၊ ဓာတုဗေဒနှင့် လူသုံးကုန်ပစ္စည်း ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ပြောကြားသည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်တို့ အလုပ်ရုံဆွေးနွေးပွဲတွင် ခင်းကျင်းပြသထားသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံပိုင်အခန်းကဏ္ဍကိုလျှော့ပြီး ပုဂ္ဂလိကပိုင်အခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍကို မြှင့်တင်ပေးပြီး လွတ်လပ်စွာပါဝင်လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားသည့်အတွက် စီးပွားရေးကဏ္ဍတိုင်းတွင် ပုဂ္ဂလိကလုပ်ငန်းများ ပိုမိုပါဝင်ဆောင်ရွက်လာနိုင်ကြပြီဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖြစ်သည့် Small and Medium Enterprises (SME)များသည် အဓိကမောင်းနှင်အား (Prime Mover) ဖြစ်၍ အဆိုပါ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား ကူညီဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်အစိုးရဘက်က မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းများရှိသကဲ့သို့ အစိုးရနှင့် ပုဂ္ဂလိကဖက်စပ်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပုဂ္ဂလိကဘက်က ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ စက်ရုံစုများ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖြစ်သည့် Small and Medium Industries (SMI) များနှင့် Small and Medium Enterprise (SME)များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရေတိုရေရှည် အစီအမံများနှင့် Industrial Development Plan ရေးဆွဲ အကောင်အထည်ဖော်နိုင်ရေးကို ဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် SME နှင့် SMI များ အရေးပါမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနဖြစ်သည့် Small and Medium Enterprises Development Centre ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးကူညီပေးနိုင်ရန်အတွက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ကိုလည်း အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် (SMIDB) အဖြစ် ပြောင်းလဲဆောင်ရွက်နေပြီဖြစ်ကြောင်းဖြင့်လည်း ပြောကြားသည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ်တွင် ကျရောက်လာတော့မည့် အာဆီယံလွတ်လပ်သောကုန်သွယ်မှု ဒေသ (AFTA)ဖြစ်ပေါ်ချိန်တွင် ကုန်သွယ်ရေးဖြေလျှော့မှုများကြောင့် သွင်းကုန်များတိုးတက်လာခြင်း၊ ရောင်းဝယ်သူနှင့် စားသုံးသူများ ရွေးချယ်ခွင့်ပိုမိုရရှိလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာနိုင်ခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရလာနိုင်မည်ဖြစ်၍ ပြိုင်ဆိုင်နိုင်စွမ်းရှိသည့် ထုတ်ကုန်များသာ ဈေးကွက်တွင် အလုပ်ဖြစ်နိုင်မည်ဖြစ်သည့်အတွက် မိမိတို့၏ထုတ်ကုန်များကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီ ဈေးကွက်ဝင်ပစ္စည်းများဖြစ်ရန် ယခုအချိန်ကတည်းက ဆောင်ရွက်သွားကြရန်လိုမည်ဖြစ်သည်ကို အသိပေးလိုကြောင်း။

ယခုအခါ ဥရောပသမဂ္ဂ (EU)က မြန်မာနိုင်ငံအပေါ် အထွေထွေအခွန်ကင်းလွတ်ခွင့်(GSP)ကို ခွင့်ပြုပြီးဖြစ်သည့်အပြင် အမေရိကန်နိုင်ငံကလည်း မြန်မာနိုင်ငံ၏ ပို့ကုန်များ တင်ပို့မှုပိတ်ဆို့ထားခြင်းကို လျှော့ပေါ့ပေးရန် လုပ်ဆောင်နေပြီ ဖြစ်သည့်အတွက် ယင်းအခြေအနေများသည် မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာနေပြီဖြစ်၍ မြန်မာလုပ်ငန်းရှင်များအနေဖြင့် အခြေအနေကောင်းများ ဖြစ်ပေါ်လာချိန်တွင် အကျိုးရှိရှိ အသုံးချနိုင်ရန်၊ လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ရန် အချိန်အခါကောင်း ဖြစ်ကြောင်း၊ ထို့အပြင် မကြာခင်ကာလ၌ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဥပဒေ(FDI Law) ကိုလည်း ထုတ်ပြန်ပေးနိုင်တော့မည်ဖြစ်၍ ပြည်ပရင်းနှီးမြှုပ်နှံမှုများ အလုံးအရင်းနှင့် ဝင်ရောက်လာမည်ဟု မျှော်လင့်ရကြောင်း။

သို့ဖြစ်၍ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်လာစေရေး၊ အရည်အသွေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားမြင့်မားတိုးတက်စေရေးနှင့် ပြည်တွင်းလုပ်ငန်းများ၏ အကျိုးဖြစ်ထွန်းမှုကို ပိုမိုအားကောင်းလာစေရေးတို့အတွက် မိမိတို့၏ လုပ်ငန်း/ဌာန/ကဏ္ဍများနှင့်ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကဏ္ဍအလိုက် လုပ်ငန်းရှင် ကိုယ်စားလှယ်အသီးသီးတို့က ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ ဒေသအတွင်း လျှပ်စစ်ဓာတ်အားလုံလောက်စွာဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းစီစဉ်ဆောင်ရွက်ထားမှုနှင့် မြန်မာပြည်အလယ်ပိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ခင်းကျင်းပြသထားသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၄၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၉

(၄၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့က ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြရာ ရဲတပ်ဖွဲ့ဝင်နှင့်မိသားစု ၅၃ ဦးတို့က သွေးလှူဒါန်းကြသည်။

အဆိုပါ သွေးလှူဒါန်းပွဲသို့ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)** (သတင်းစဉ်)

တပ်မတော်ဆေးတပ်ဖွဲ့ဝင်များ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ လှည့်လည်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၉

စစ်တွေမြို့ နယ်မြေခံတပ်မတော်ဆေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၈ ရက်တွင် စစ်တွေမြို့ ဓညဝတီကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ အပါအဝင် ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ခြင်အန္တရာယ်ကင်းရှင်းစေရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ ရေတွင်းရေကန်များ၌ ကလိုရင်းဆေးခတ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Maritime Training Centre သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၂၉

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် Maritime Training Centre သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌ကျင်းပသည်။

အခမ်းအနားတွင် Maritime Training Centre (PGI) Chief Instructor Capt. ဦးစိုးလွင်နှင့် ကျောင်းအုပ်ကြီးCapt. ဦးမျိုးညွှန့်အောင်တို့က အမှာစကားပြောကြားကြပြီး ဆုရကျောင်းသားများအား တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသော ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်၊လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများက ဆုနှင့်သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့် Maritime Training Centre(PGI) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဆုရကျောင်းသားများအား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ငါးရှဉ့်ဈေးကွက် အမြင့်မားဆုံးဖြစ်နေ ပြည်ပနိုင်ငံများက မြန်မာငါးရှဉ့်ကို ဝယ်ယူလို

ရန်ကုန် စက်တင်ဘာ ၂၉

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ကာလတွင် အမြင့်ဆုံးရရှိခဲ့သော ငါးရှဉ့်ဈေးနှုန်းသည် ယခု ၂၀၁၂ ခုနှစ်အတွင်းတွင် လစဉ်နီးပါးရရှိနေကြောင်း ငါးရှဉ့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဘသော်က ပြောသည်။

"ငါးရှဉ့်အနေနဲ့ ဒီနှစ်အခြေအနေမဆိုးပါဘူး။ စင်ကာပူကလည်းလာပြီးသွားပါပြီ။ ကိုရီးယားကလည်း မကြာခင်မှာ ကျွန်တော်တို့နဲ့ တွေ့ဖို့ရှိပါတယ်။ ဂျပန်ကလည်း မနေ့ကပဲ လှမ်းပြောတယ်။ ငါးရှဉ့်ဝယ်ချင်ပါတယ်တဲ့။ ငါးရှဉ့်ကို တရုတ်ကလည်း ဈေးတော်တော်မြင့်မြင့် ပေးနေတဲ့အပြင် နိုင်ငံတော်တော်များများကလည်း မြန်မာပြည်ကငါးရှဉ့်ကို မြန်မာပြည်ကပဲတိုက်ရိုက်ဝယ်စေချင်ပါတယ်တဲ့၊ တခြားကနေသွယ်ဝိုက်တာမျိုး ကျွန်တော်တို့မလိုချင်တော့ဘူးဆိုပြီး ပြောလာတဲ့အတွက် ကျွန်တော်တို့ငါးရှဉ့်ကနောက်ပိုင်းမှာ အခြေအနေကောင်းလာလိမ့်ဦးမယ်လို့ ခန့်မှန်းရပါတယ်"ဟု ၎င်းက ဆိုသည်။

ယခုနှစ် ၂၀၁၂ ခုနှစ်အတွင်း ငါးရှဉ့်ဈေးကွက်မှာ မေလတွင်းက အမြင့်ဆုံး ၄၁၆၀ ဒေါ်လာ၊ အနိမ့်ဆုံး ၂၈၀၀ ဒေါ်လာ၊ ဇွန်လတွင် အမြင့်ဆုံး ၄၇၅၀ ဒေါ်လာ၊ အနိမ့်ဆုံး ၃၇၀၀ ဒေါ်လာ၊ ဇူလိုင်လတွင် အမြင့်ဆုံး ၅၂၈၀ ဒေါ်လာ၊ အနိမ့်ဆုံး ၄၇၄၀ ဒေါ်လာ၊ ဩဂုတ်လတွင် အမြင့်ဆုံး ၄၈၉၀ ဒေါ်လာ၊ အနိမ့်ဆုံး ၃၅၀၀ ဒေါ်လာ၊ စက်တင်ဘာလတွင် အမြင့်ဆုံး ၄၇၁၀ ဒေါ်လာ၊ အနိမ့်ဆုံး ၃၅၀၀ ဒေါ်လာ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ စက်တင်ဘာ ၂၄ ရက်စာရင်းအရ ငါးရှဉ့်တစ်တန်၏ဈေးမှာ ၄၇၁၀ ဒေါ်လာရှိခဲ့ကြောင်း သိရသည်။

(၆၈၀)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

နယ်စပ်လမ်းကြောင်းမှ တရုတ်သို့ ဆန်ကွဲတင်ပို့မှုများ၍ ဈေးတက်

ရန်ကုန် စက်တင်ဘာ ၂၉

ပြည်တွင်းဆန်ကွဲဈေးကွက်အတွင်း ဆန်ဈေးနှုန်းများမြင့်တက်နေခြင်းမှာ တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေခြင်းကြောင့်ဖြစ်ကြောင်း ဆန်စပါးလုပ်ငန်းရှင်များထံမှ သိရသည်။ နယ်စပ်လမ်းကြောင်းမှ တစ်ဆင့် တစ်ဖက်နိုင်ငံသို့ အများဆုံး တင်သွင်းနေသည့်အတွက် ပြည်တွင်း ဈေးကွက်တွင် ဆန်ကွဲဈေးနှုန်းမြင့်တက်သွားရခြင်းဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တစ်ဆင့် တစ်ဖက်နိုင်ငံသို့ တင်ပို့လျက်ရှိသည့် ကုန်ပစ္စည်းများထဲ၌ ဆန်မှာ အများဆုံးဖြစ်ပြီး နေ့စဉ်ဆန်အိတ်ရေထောင်နှင့်ချီ၍ တင်ပို့လျက်ရှိကြောင်း သိရသည်။

ဇူလိုင်လဆန်းပိုင်းအတွင်း ဆန်ကွဲအမျိုးအစားဖြစ်သည့် ဇီယာ(ရိုးရိုး) တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၊ ဇီယာ(ရှယ်) တစ်အိတ်လျှင် ကျပ် ၁၃၀၀၀ ဝန်းကျင်ရှိပြီး ဩဂုတ်လနောက်ဆုံးပတ်တွင် ဇီယာ(ရိုးရိုး)တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၊ ဇီယာ(ရှယ်)တစ်အိတ်လျှင် ကျပ် ၁၆၅၀၀ ဝန်းကျင်ထိ ရှိလာကြောင်း၊ စက်တင်ဘာ ၁၉ ရက်တွင် ဇီယာ(ရိုးရိုး)တစ်အိတ်လျှင် ကျပ် ၁၅၀၀၀ နှင့် ဇီယာ(ရှယ်)တစ်အိတ်လျှင် ကျပ် ၁၇၅၀၀သို့ တဖြည်းဖြည်း မြင့်တက်လာကြောင်း သိရသည်။

နေ့စဉ်တရုတ်နိုင်ငံအတွင်းသို့ တင်ပို့မှုများကြောင့် ပြည်တွင်းဆန်ကွဲဈေးကွက်၌ သုံးလအတွင်း ၃၀ ရာခိုင်နှုန်းအထိ ဈေးမြင့်တက်လာခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင် ကုန်ပစ္စည်းအမျိုးအစားပေါင်း ၁၁၀၀၀ ကျော်အထိ ခွင့်ပြုထားသည့် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင် မြန်မာ့ဆန်မပါဝင်ကြောင်း သိရသည်။ လက်ရှိနှစ်နိုင်ငံကုန်သွယ်ရေးတွင် မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုကို တရုတ်နိုင်ငံဘက်မှ ခွင့်ပြုထားခြင်းမရှိသည့်အတွက် မြန်မာ့ဆန်များကို နည်းလမ်းအမျိုးမျိုးဖြင့် သယ်ယူပြီး တရားမဝင်ရောင်းချနေကြောင်း သိရသည်။ မျိုးဝင်းထွန်း(မုံရွာ)

ငစိန်ဆန်အမျိုးအစားအား ဈေးပြို...

ရန်ကုန် စက်တင်ဘာ ၂၉

နိုင်ငံတော်အရန်ဆန်အဖြစ် ဝယ်ယူစုဆောင်းထားသည့် မိုးနှင့်နွေဆန်များအနက်မှ ငစိန်ဆန်အမျိုးအစားဆန်တန်ချိန်အချို့ကို ပုဂ္ဂလိကသို့ ဈေးပြိုင်စနစ်ဖြင့် ပြန်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။

အရန်ဆန် ထားရှိကြီးကြပ်ရေးကော်မတီ၏ စီမံမှုဖြင့် ၂၀၁၂ခုနှစ် နှစ်ဆန်းပိုင်းမှစတင်၍ မိုးနှင့်နွေဆန်များကို နိုင်ငံတော်အရန်ဆန်အဖြစ် ဝယ်ယူခဲ့ရာတွင် နိုင်ငံတော်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်း၊ ဗဟိုသမဝါယမအသင်းတို့မှ အရင်းအနှီးမပျောက် လည်ပတ်ငွေအဖြစ် ထုတ်ပေးထားခဲ့သည့် ငွေကျပ် ၁၃ ဒသမ ၅၃ ဘီလီယံဖြင့် အရန်ဆန်တန်ချိန် ၄၅၀၀ ခန့်ကို ဝယ်ယူထားရှိခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဝယ်ယူခဲ့ရာတွင် ပြည်ပတင်ပို့မှုကြောင့်ဖြစ်စေ၊ အခြားသဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ ဆန်ပြတ်လပ်မှု၊ ဈေးနှုန်းကြီးမြင့်မှုဖြစ်ပေါ်လာပါက ထိန်းချုပ်နိုင်ရန်ဖြစ်ပြီး ယင်းကဲ့သို့ အခြေအနေများမရှိပါက ပြည်ပ သို့မဟုတ် ပြည်တွင်းဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရန် ဖြစ်သည်။

ယခု ရောင်းချလိုက်သော ဆန်အမျိုး

နယ်စပ်လမ်းကြောင်းမှ တရုတ်သို့ ဆန်ကြမ်းတင်ပို့မှုများ၍ ဈေးတက်

ရန်ကုန် စက်တင်ဘာ ၂၉

ပြည်တွင်းဆန်ကြမ်းဈေးကွက်အတွင်း ဆန်ဈေးနှုန်းများမြင့်တက်နေခြင်းမှာ တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေခြင်းကြောင့်ဖြစ်ကြောင်း ဆန်စပါးလုပ်ငန်းရှင်များထံမှ သိရသည်။ နယ်စပ်လမ်းကြောင်းမှ တစ်ဆင့် တစ်ဖက်နိုင်ငံသို့ အများဆုံး တင်သွင်းနေသည့်အတွက် ပြည်တွင်း ဈေးကွက်တွင် ဆန်ကြမ်းဈေးနှုန်းမြင့်တက်သွားရခြင်းဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တစ်ဆင့် တစ်ဖက်နိုင်ငံသို့ တင်ပို့လျက်ရှိသည့် ကုန်ပစ္စည်းများထဲ၌ ဆန်မှာ အများဆုံးဖြစ်ပြီး နေ့စဉ်ဆန်အိတ်ရေထောင်နှင့်ချီ၍ တင်ပို့လျက်ရှိကြောင်း သိရသည်။

ဇူလိုင်လဆန်းပိုင်းအတွင်း ဆန်ကြမ်းအမျိုးအစားဖြစ်သည့် ဧယာ(ရိုးရိုး) တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၊ ဧယာ(ရှယ်) တစ်အိတ်လျှင် ကျပ် ၁၃၀၀၀ ဝန်းကျင်ရှိပြီး ဩဂုတ်လနောက်ဆုံးပတ်တွင် ဧယာ(ရိုးရိုး)တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၊ ဧယာ(ရှယ်)တစ်အိတ်လျှင် ကျပ် ၁၆၅၀၀ ဝန်းကျင်ထိ ရှိလာကြောင်း၊ စက်တင်ဘာ ၁၉ ရက်တွင် ဧယာ(ရိုးရိုး)တစ်အိတ်လျှင် ကျပ် ၁၅၀၀၀ နှင့် ဧယာ(ရှယ်)တစ်အိတ်လျှင် ကျပ် ၁၇၅၀၀သို့ တဖြည်းဖြည်း မြင့်တက်လာကြောင်း သိရသည်။

နေ့စဉ်တရုတ်နိုင်ငံအတွင်းသို့ တင်ပို့မှုများကြောင့် ပြည်တွင်းဆန်ကြမ်းဈေးကွက်၌ သုံးလအတွင်း ၃၀ ရာခိုင်နှုန်းအထိ ဈေးမြင့်တက်လာခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင် ကုန်ပစ္စည်းအမျိုးအစားပေါင်း ၁၁၀၀၀ ကျော်အထိ ခွင့်ပြုထားသည့် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင် မြန်မာ့ဆန်မပါဝင်ကြောင်း သိရသည်။ လက်ရှိနှစ်နိုင်ငံကုန်သွယ်ရေးတွင် မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုကို တရုတ်နိုင်ငံဘက်မှ ခွင့်ပြုထားခြင်းမရှိသည့်အတွက် မြန်မာ့ဆန်များကို နည်းလမ်းအမျိုးမျိုးဖြင့် သယ်ယူပြီး တရားမဝင်ရောင်းချနေကြောင်း သိရသည်။ မျိုးဝင်းထွန်း(မုံရွာ)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှုများ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၉

(၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ဦးစီးကော်မတီဝင်များနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် ရွာတော် အမှတ်(၇)တည်းခိုရေးစခန်း၌ ဆပ်ကော်မတီရုံးခန်းများ ဖွင့်လှစ်ထားရှိမှု၊ တည်းခိုနေထိုင်စားသောက်ရေးအတွက် တည်းခိုဆောင်များနှင့် စားသောက်ခန်းမများ စီစဉ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တည်းခိုရေးစခန်းပတ်ဝန်းကျင်သန့်ရှင်းမှု ကောင်းမွန်ရေး၊ အစားအသောက်များကို ကျန်းမာရေးနှင့် အညီ စနစ်တကျ စီစဉ်ဆောင်ရွက်ရေး မှာကြားသည်။

(၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အကပြိုင်ပွဲကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ အတီးပြိုင်ပွဲကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရိုးရာယဉ်ကျေးမှုနှင့်အညီ ပြင်ဆင်ဆောင်ရွက်ရန်၊ အသံစနစ်၊ မီးစနစ်များ ပြည့်စုံကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ SUNLOT SANITARY WARES အရောင်းဆိုင်ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး နှလုံးသွေးကြောရောဂါ ထိန်းသိမ်းရေးစီမံချက် မန်နေဂျာ ပါမောက္ခ ဒေါက်တာ ဒေါ်နွယ်နွယ်က ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ပုလဲကွန်ဒို၌ ကျင်းပသည့် SUNLOT SANITARY WARESအရောင်းဆိုင် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ငစိန်ဆန်အမျိုးအစားအား ဈေးပြိုင်စနစ်ဖြင့် ပြန်လည်ရောင်းချ

ရန်ကုန် စက်တင်ဘာ ၂၉

နိုင်ငံတော်အရန်ဆန်အဖြစ် ဝယ်ယူစုဆောင်းထားသည့် မိုးနှင့်နွေဆန်များအနက်မှ ငစိန်ဆန်အမျိုးအစား ဆန်တန်ချိန်အချို့ကို ပုဂ္ဂလိကသို့ ဈေးပြိုင်စနစ်ဖြင့် ပြန်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။

အရန်ဆန် ထားရှိကြီးကြပ်ရေးကော်မတီ၏ စီမံမှုဖြင့် ၂၀၁၂ခုနှစ် နှစ်ဆန်းပိုင်းမှစတင်၍ မိုးနှင့်နွေဆန်များကို နိုင်ငံတော်အရန်ဆန်အဖြစ် ဝယ်ယူခဲ့ရာတွင် နိုင်ငံတော်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်း၊ ဗဟိုသမဝါယမအသင်းတို့မှ အရင်းအနှီးမပျောက် လည်ပတ်ငွေအဖြစ် ထုတ်ပေးထားခဲ့သည့် ငွေကျပ် ၁၃ ဒသမ ၅၃ ဘီလီယံဖြင့် အရန်ဆန်တန်ချိန် ၄၅၀၀ ခန့်ကို ဝယ်ယူထားရှိခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဝယ်ယူခဲ့ရာတွင် ပြည်ပတင်ပို့မှုကြောင့်ဖြစ်စေ၊ အခြားသဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ ဆန်ပြတ်လပ်မှု၊ ဈေးနှုန်းကြီးမြင့်မှုဖြစ်ပေါ်လာပါက ထိန်းချုပ်နိုင်ရန်ဖြစ်ပြီး ယင်းကဲ့သို့ အခြေအနေများမရှိပါက ပြည်ပ သို့မဟုတ် ပြည်တွင်းဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရန် ဖြစ်သည်။

ယခု ရောင်းချလိုက်သော ဆန်အမျိုးအစားသည် ငစိန်ဆန်အမျိုးအစားဖြစ်ပြီး တန်ချိန် ၁၃၀၀ ခန့်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းဝင်လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

ဆန်အဓိကတင်ပို့သည့် နိုင်ငံတိုင်းတွင် အရန်ဆန်ထားရှိလေ့ရှိပြီး အရန်ဆန်ပမာဏကြီးမားသည့် အိန္ဒိယနှင့် ထိုင်းနိုင်ငံကဲ့သို့ နိုင်ငံများမှ အရန်ဆန်ထုတ်ရောင်းချိန်တွင် ဆန်ဈေးများ ကျဆင်းတတ်လေ့ရှိသည်။ (၀၀၁)

ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၉

အလှူရှင် ဦးကျော်ကျော်ဦး-ဒေါ်သန်းသန်းစိန် မိသားစုက စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် မူလတန်းကျောင်းအမှတ်(၂၁)မှ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၃၀၀၊ ကျောင်းစိမ်းလုံချည် ၆၀၀၊ အင်္ကျီအဖြူစ ၁၀၀၊ ဘောလ်ပင် ၆၀၀ နှင့် ခဲတံဒါဇင် ၂၀၀ တို့ကို ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးသန်းထွန်း ဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၉

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် စက်တင်ဘာ ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုဂံမြို့ ယွန်းပညာကောလိပ်၌ ကျင်းပသည့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုစီမံချက်များဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါ ဆွေးနွေးပွဲကို G. Hirata & Associates (GHA)အဖွဲ့က ကြီးမှူး၍ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) အကူအညီဖြင့် ကျေးရွာငါးရွာ၌ ရေရရှိရေး၊ လျှပ်စစ်စွမ်းအင်ရရှိရေး၊ စိုက်ပျိုးရေး၊ စားသောက်ကုန်လုပ်ငန်းတိုးတက်ရေး၊ ရောင်းဝယ်ဖောက်ကားမှုတိုးတက်ရေး၊ ယွန်းထည်လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျင်းပခဲ့ခြင်းဖြစ်ကြောင်းနှင့် မင်းနန်သူကျေးရွာ၊ အနောက်ဖွားစောကျေးရွာ၊ အရှေ့ဖွားစောကျေးရွာ၊ သူငွေးကန်ကျေးရွာ၊ ကုန်းတန်းကြီးကျေးရွာ ငါးရွာမှ ကျေးရွာသူ ကျေးရွာသား ၃၀တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစီမံချက်များ ဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့် နည်းဥပဒေများဆိုင်ရာသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၂၉

မွန်ပြည်နယ် သထုံခရိုင်၌ လယ်ယာမြေ ဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် နည်းဥပဒေများဆိုင်ရာ သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲတွင် သထုံမြို့ သုဝဏ္ဏခန်းမ၌ကျင်းပရာ ပြည်နယ်မြေစာရင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျင်ထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဦးကျင်ထွန်းနှင့် ခရိုင်မြေစာရင်းဦးစီးမှူး ဦးတင်အောင်ကြည်တို့က ကျိုက်ထို၊ ဘီးလင်း၊ သထုံ သုံးမြို့နယ်ရှိ မြေစာရင်းဦးစီးမှူးများနှင့် ဝန်ထမ်းများပါဝင်သော သင်တန်းသား ၆၇ ဦးအား သင်တန်းပို့ချကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃၀-၉-၂၀၁၂ (တနင်္ဂနွေနေ့)

(၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်နေ့၊ ဥပုသ်နေ့)

အချိန်	အစီအစဉ်
၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၂၀	ဘဒ္ဒန္တသုမင်္ဂလာစာရ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ မိုးကောင်းကျောင်းတိုက် ဟသ်ာမြို့၊ ဧရာဝတီတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း
၁၁း၃၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာစွမ်းအား" (အပိုင်း-၄၄)**
၁၂း၃၀	"ဖန်တီးမှုရဲ့လျှို့ဝှက်ချက်"
၁၂း၅၀	မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်သို့တစ်ချက်ငဲ့ကြည့်စဉ်" (ပြေတီဦး၊ သတ္တိ၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး))
၂း၁၅	၂၀၁၂ ခုနှစ်(၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်ပောင်းတေးနှင့် ကာလပေါ်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၇း၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "အကြမ်းဖက်နှိမ်နင်းရေး အထူးတပ်ဖွဲ့"(အပိုင်း-၁၄)**
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ **-မြန်မာနိုင်ငံရဲတပ်ဖွဲ့ဂုဏ်ပြု ဇာတ်လမ်း "ပြုံးသူမှာ မျက်ရည်စတွေဝေ" (ဇာတ်သိမ်း) (မင်းထက်၊ ကျော်ထူး၊ ဗေဒါ၊ ချမ်းမီမီကို) (ဒါရိုက်တာ-ခင်မောင်ဦး၊စိုးသိမ်းထွန်း)**

အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြစ်စေချင်

မိမိတို့ငယ်စဉ်က ပညာသင်ကြားခဲ့ရသော စနစ်သည် ယနေ့မျက်မှောက်ကာလတွင် အသုံးပြုနေသည့် စနစ်ကဲ့သို့ အဆင့်မမြင့်ခဲ့ပါ။ ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းတွင် ပါသည့် သင်ခန်းစာများကို ဆရာ ဆရာမများက ကုန်စင်အောင် သင်ကြားပြသပေးသည်။ မိမိတို့က သင်ကြားသည့်အတိုင်း လေ့လာ၊ မှတ်သား၊ လိုက်နာကာ အတန်းတိုင်းကို အောင်မြင်ခဲ့ကြသည်။ ကျူရှင်ဟူသည်မရှိခဲ့။ အတန်းပိုင်ဆရာ၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သင်ကြားပြသပေးမှုတစ်ခုတည်းကို အင်အားစိုက်ကာ လေ့လာကျက်မှတ်ခဲ့ကြရသည်။

မိမိတို့၏ သင်ဆရာ မြင်ဆရာများကိုလည်း အနန္တော၊ အနန္တဂိုဏ်းဝင်များအဖြစ် သတ်မှတ်ကာ "ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ် တပည့်ဝတ် မချွတ်ငါးခုသာ" ဟူသည့် တပည့်ဝတ်များအတိုင်း လိုက်နာကျင့်သုံး ရိုသေကိုင်းရှိုင်းခဲ့ကြသည်။

ဆရာများကလည်း "အတတ်လည်းသင်၊ ပွဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ "ဆိုသည့် ဆရာ့ကျင့်ဝတ်များအတိုင်း စေတနာ၊ ဝါသနာ၊ အနစ်နာ ဆိုသည့် နာသုံးနာကို အခြေခံကာ မိမိတို့အား သင်ကြားပြသပေးခဲ့ကြသည်။ ထိုစဉ်က ဆရာ၊ တပည့် ဆက်ဆံရေးသည် တစ်ဦးနှင့်တစ်ဦး "ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ" ဖြင့် အနာဂတ်ခရီးလမ်းကို အပြန်အလှန်ယုံကြည်မှုများဖြင့် လျှောက်လှမ်းချီတက်ခဲ့ကြသည်ဟု ယုံကြည်မိသည်။

ယနေ့ခေတ်သည် ဤသို့မဟုတ်တော့ပြီ။ ခေတ်စနစ်သည်လည်း အရှိန်အဟုန်ပြင်းပြင်းဖြင့် ပြောင်းလဲခဲ့ပြီဖြစ်သည်။ အထူးသဖြင့် ပညာရေးစနစ်ပြောင်းလဲနေသည်မှာ မိမိတို့နှင့် တိုက်ရိုက် ဆက်စပ်ပတ်သက်နေသည်။ မိမိတို့နှင့် ပတ်သက်သည့်သား၊ သမီး၊ တူ၊ တူမ အစရှိသည်တို့ရှိသကဲ့သို့ ပတ်ဝန်းကျင်တွင်လည်း ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆက်ဆံရေးများသည် မိမိတို့ ငယ်စဉ်ကကဲ့သို့ လှိုက်လှဲနွေးထွေးမှု မရှိကြတော့သည်ကို မြင်ရကြားရသည်။

ကျောင်းသား ကျောင်းသူများသည် စာပေပညာသင်ကြားသည့် နေရာတစ်ခုဖြစ်သည့် "ကျူရှင်"ကို အခကြေးငွေပေး၍ သင်ကြားရရှိနေသည့်အတွက် စာသင်ကျောင်းရှိ ဆရာ ဆရာမများကို အလေးထားမှု၊ ဂရုစိုက်မှု၊ အားကိုးမှုများ လျော့နည်းလာသည်ကို အတော်များများ တွေ့ရှိနေရသည်။ အခကြေးငွေပေး၍ ပညာသင်လျှင် ရသည်ဟူသော အသိသည် ၎င်းတို့၏ ရင်ထဲသို့ စွဲမြဲနေပြီဖြစ်သည့်အတွက် အတန်းထဲရှိ ဆရာ ဆရာမများကို လျစ်လျူရှုနေကြပြီဖြစ်သည်။ ဤအစွဲသည် အနာဂတ်ပညာရေးအတွက် မည်သို့မျှ မကောင်းနိုင်။

ဆရာ ဆရာမအချို့မှာ မိမိကျူရှင်တွင်သင်သည့် ကျောင်းသား ကျောင်းသူများကိုသာ အလေးထား၊ ဂရုစိုက်ကာ ကျန်ကျောင်းသားများအား လျစ်လျူရှုသည့် အပြုအမူများကြောင့် ကျောင်းသား၊ ကျောင်းသူများအား အရိုအသေတန်စေခြင်း ဖြစ်မည်ထင်သည်။ ယနေ့ လူငယ် လူရွယ်များသည် အလွန်အကင်းပါးသော၊ ဖြတ်ထိုးဉာဏ်ရှိသော၊ သွက်လက်ထက်မြက်သောသူများဖြစ်ကြသည်။ ၎င်းတို့၏ ရှိပြီးဖြစ်သည့် ကိုယ်ရည်ကိုယ်သွေးများအား ပို၍ ထူးချွန်ထက်မြက်အောင် ဝိုင်းဝန်းပံ့ပိုးပေးခြင်းဖြင့် မိမိတို့၏ အနာဂတ်နိုင်ငံတော်ကို ထူထောင်ရမည့် အချိန်ဖြစ်သည်။

ယခုတလော အခြေခံပညာကျောင်းများတွင် ကျောင်းသားက ဆရာ ဆရာမများကို မထေမဲ့မြင်ပြုမှုကြောင့် ဆရာ ဆရာမများက ဒေါသကိုမထိန်းနိုင်၍ ပြဿနာဖြစ်ရခြင်း အကြောင်းများကိုကြားနေရသည်။ ဂျာနယ်များတွင် ဖတ်နေရသည်။

ဤသို့ဆိုလျှင် ဆရာနှင့်ကျောင်းသား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားချစ်ခင် ယုံကြည်ကိုးစားမှုများ ရှိစေရန်မှာ မည်သူတို့တွင် တာဝန်ရှိသနည်းဟု ရေရှည်အကျိုးကို မျှော်ကိုး၍ သုံးသပ်ရန်လိုမည်ဖြစ်သည်။

မြန်မာစကားတွင် ရှိပါသည်။ "ရှေးထုံးကိုလည်း မပယ်နှင့်၊ ဈေးသုံးကိုလည်း မလွယ်နှင့်၊ ရှေးထုံးပယ်တော့ လွဲတတ်တယ်၊ ဈေးသုံးလွယ်တော့ မွဲတတ်တယ်" ဆိုသည့် စကားအတိုင်း ဆရာနှင့် ကျောင်းသား ဆက်ဆံရေးများသည် ဆရာ့ကျင့်ဝတ်၊ တပည့်ကျင့်ဝတ်များအတိုင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစား၊ ချစ်ကြည်ယုံကြည် အားကိုးစွာဖြင့် ဆက်ဆံကြမည်ဆိုပါက အနာဂတ်ပညာရေးသို့ လျှောက်လှမ်းရာတွင် ချောမွေ့ပြေပြစ်လာမည်ဖြစ်ပါကြောင်း ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုရင်းဖြင့် အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ॥ (ဆွေဆွေ)

အားကစားနှင့် အနုပညာ



ဟာဒီနန်အား အင်္ဂလန်အသင်းက ပြန်ခေါ်မည်မဟုတ်ကြောင်း ဟက်ဂူဆန်ကဆို

မန်ချက်စတာ စက်တင်ဘာ ၂၉

အင်္ဂလန်အသင်းသည် ဂျွန်တယ်ရီအသင်းမှ အနားယူကြောင်းကြေညာခဲ့ပြီးနောက် အင်္ဂလန်အသင်းမန်နေဂျာ ရွိုင်းဟော့ဂ်ဆန်အနေဖြင့် ဂျွန်တယ်ရီနေရာတွင် အစားထိုးရန် ရီယိုဖာဒီနန်(ဝဲပုံ)အား ပြန်လည်ခေါ်ယူမည်ကို မန်ယူအသင်းနည်းပြ ဖာဂူဆန်က မျှော်လင့်မထားခဲ့ကြောင်း ပြောကြားခဲ့သည်။

မန်ယူနောက်တန်းကစားသမား ဖာဒီနန်သည် ၂၀၁၁ ခုနှစ် နွေရာသီကတည်းက အင်္ဂလန်အသင်းတွင် ပါဝင်ကစားခဲ့ခြင်းမရှိဘဲ ယူရို ၂၀၁၂ တွင်လည်း နည်းပြ ရွိုင်းဟော့ဂ်ဆန်၏ အင်္ဂလန်အသင်းတွင် ပါဝင်ကစားခဲ့ခြင်းမရှိခဲ့ပေ။

ရွိုင်းဟော့ဂ်ဆန်သည် နိုင်ငံအသင်းအတွက် ၈၁ ပွဲအထိပါဝင်ကစားခဲ့သည့် အသက် (၃၃)နှစ်အရွယ်ရှိ ဖာဒီနန်အား ယူရို ၂၀၁၂ တွင်လည်း ထည့်သွင်းကစားစေခဲ့ခြင်းမပြုခဲ့သောကြောင့် လက်ရှိအသင်းအတွက် အားဖြည့်ရမည့် နောက်တန်းအတွက်လည်း ခေါ်ယူလိမ့်မည်မဟုတ်ကြောင်း ဖာဂူဆန်က ပြောကြားခဲ့သည်။

ဂိုးသမား ဗီတိုမန်နိုနီ အသင်းမှထွက်ခွာမည်ဟု ဝင်းဂါးမျှော်လင့်ခဲ့

လန်ဒန် စက်တင်ဘာ ၂၉

အာဆင်နယ်ဂိုးသမား ဗီတိုမန်နိုနီသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့သွားဖွယ်ရှိကြောင်း နည်းပြအာစင်ဝင်းဂါးက မျှော်လင့်ခဲ့သည်ဟု ဆိုသည်။

အာဆင်နယ်အသင်းမန်နေဂျာ အာစင်ဝင်းဂါးသည် မန်နိုနီအား ပြီးခဲ့သည့်ရာသီက ချန်ပီယံရှစ်ကလပ် ဟားစီးတီးအသင်းသို့ အငှားသွားရောက်ကစားစေခဲ့ပြီး မန်နိုနီ၏ အာဆင်နယ်အနာဂတ်သည်လည်း ရေရာသေချာမှုမရှိတော့ကြောင်းလည်း ဝင်းဂါးက ဆိုသည်။

ဂိုးသမားမန်နိုနီသည် လက်ရှိတွင် ဝင်းဂါး၏ဂိုးဖမ်းခွင့်ပြုရေးဆိုင်ရာ ကိစ္စရပ်ကို ဖြေလျှော့ပေးရန် ဆန္ဒရှိနေသော်လည်း အာဆင်နယ်အသင်းနည်းပြ အာဆင်ဝင်းဂါးအနေဖြင့် မန်နိုနီသည် လာမည့်ရာသီတွင် အသင်းမှထွက်ခွာဖို့ များနေကြောင်း ဆိုသည်။

ဘလက်ဘန်းအသင်းနည်းပြအဖြစ်မှ စတိဗ်ကီယန် နုတ်ထွက်

လန်ဒန် စက်တင်ဘာ ၂၉

ချန်ပီယံရှစ်ကလပ်ဘလက်ဘန်းအသင်းနည်းပြ စတိဗ်ကီယန်သည် လက်ရှိဘလက်ဘန်းအသင်းနည်းပြအဖြစ်မှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းတွင်ဖော်ပြခဲ့သည်။

အသက် (၄၄)နှစ်အရွယ်ရှိပြီဖြစ်သော စကော့တလန်နည်းပြ စတိဗ်ကီယန်သည် ၎င်း၏ လက်ရှိနည်းပြရာထူး မရေမရာဖြစ်ခဲ့သောကြောင့် ချက်ချင်းပင် အသင်းမှနုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၂၁ ရက်က ဘလက်ဘန်း-မစ်ဒယ်ဘရော့တို့၏ ချန်ပီယံရှစ်ပွဲစဉ်တွင် မစ်ဒယ်ဘရော့ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဘလက်ဘန်းအသင်းပိုင်ရှင် ဗန်ကီနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး လက်ရှိတွင် စတိဗ်ကီယန်အနေဖြင့် အသင်းနည်းပြအဖြစ်မှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

ဘလက်ဘန်းအသင်းမှ နုတ်ထွက်ခဲ့သည့် နည်းပြစတိဗ်ကီယန်။

ပရီမီယာလိဂ်ပွဲစဉ်(၆) တွင် အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

စပိန်ကြယ်ပွင့်နှစ်ဦး၏ သွင်းဂိုးများဖြင့် အာဆင်နယ်ကို အနိုင်ယူခဲ့သည့် ချယ်လ်ဆီး

လန်ဒန် စက်တင်ဘာ ၂၉

ပရီမီယာလိဂ်ပွဲစဉ် (၆) ပွဲစဉ်များကို စက်တင်ဘာ ၂၉ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ လန်ဒန်ဒါဘီပွဲစဉ် တစ်ခုဖြစ်သည့် အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့၏ ပွဲစဉ်တွင် စပိန်ကြယ်ပွင့်နှစ်ဦးဖြစ်သည့် တောရက်နှင့်မာတာတို့ အကောင်းဆုံး တိုက်စစ်ပုံစံဖြင့် ပွဲထွက်လာသော ချယ်လ်ဆီးအသင်းက အိမ်ရှင်အာဆင်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ကာဇိုလာ၊ ဂါဗင်ဟို၊ ပိုဒေါစကီး စသည့် တိုက်စစ်မှူးများ ဦးဆောင်ကာ ပွဲထွက်လာသည့် အာဆင်နယ်အသင်းသည် အိမ်ရှင်ပီပီ ချယ်လ်ဆီးအသင်းကို တွန်းတွန်းတိုက်တိုက် ကစားခဲ့သော်လည်း ပွဲချိန်မိနစ် ၉၀ ပြည့်ချိန်တွင် ဧည့်သည် ချယ်လ်ဆီးအသင်းအတွက် အပြန်လက်ဆောင် သုံးမှတ်ထည့်သွင်းပေးလိုက်ရ၍ အိမ်ကွင်းပရိသတ်ရှေ့တွင် မျက်နှာမပြရဲဖြစ်ခဲ့သည်။

သို့ရာတွင် ဟားဇက်၊ အော်စကာ၊ မာတာ၊ တောရက် စသည့် အားထားရသည့် ကစားသမားများဖြင့် ပွဲထွက်လာသည့် ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးများကို မိနစ် ၂၀ တွင် တောရက်က အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး ၅၃ မိနစ်တွင် မာတာက ဒုတိယဂိုးသွင်းယူပေးခဲ့ရာ ချယ်လ်ဆီးအသင်းသည် လက်ရှိအချိန်၌ ပွဲစဉ်(၆) အပြီးတွင် တစ်ပွဲသာ သရေကျထားပြီး ငါးပွဲအနိုင်ရရှိထား၍ ရှုံးပွဲမရှိ စံချိန်ကို တင်နိုင်ခဲ့ပြီဖြစ်သည်။

အာဆင်နယ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၄၃ မိနစ်တွင် ဂါဗင်ဟိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ပရီမီယာလိဂ်ချန်ပီယံအဖြစ် မန်စီးတီး ဆက်လက်ရပ်တည်မည်ဟု မန်စီနီယုံကြည်နေ

မန်ချက်စတာ စက်တင်ဘာ ၂၉

ပရီမီယာလိဂ်လက်ရှိချန်ပီယံမန်စီးတီးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ရာသီစတင်ချိန်မှစ၍ ရှုံးပွဲမရှိခဲ့သောကြောင့် ပရီမီယာလိဂ်ဖလားကို ဆက်လက်ရယူနိုင်လိမ့်မည်ဟု မန်စီးတီးအသင်းနည်းပြ မန်စီနီက ယုံကြည်ထားသည်ဟု သိရသည်။

မန်စီးတီးသည် ပရီမီယာလိဂ်အဖွင့် ခြောက်ပွဲတွင် သုံးပွဲနိုင်၊ သုံးပွဲသရေဖြင့် ရှုံးပွဲမကြုံသေးပေ။ သို့ရာတွင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရီးယဲလ်မက်ဒရစ်အသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ကားလင်းဖလားကို အမည်ပြောင်းထားသည့် Capital One ဖလားပြိုင်ပွဲတွင်လည်း အက်စတွန်ဗီလာကို ရှုံးနိမ့်ခဲ့၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။ သို့သော် ပရီမီယာလိဂ်ဖလားကို နှစ်နှစ်ဆက်ရရှိရန် ခက်ခဲသော်လည်း ပရီမီယာလိဂ်ကိုသာ အားစိုက်လာမည်ဖြစ်၍ ယခုနှစ်အတွက် ပရီမီယာလိဂ်ဖလားကို ဆက်လက်ကိုင်မြှောက်နိုင်မည်ဟု မန်စီနီ ယုံကြည်ထားသည်ဟု ဆိုသည်။

မန်စီးတီးအသင်းနည်းပြ မန်စီနီ။

ပရီမီယာလိဂ်ပွဲစဉ်(၆)စနေညရလဒ်များ

၂၉-၉-၂၀၁၂

အာဆင်နယ်	၁	-	၂	ချယ်လ်ဆီး
အဲဗာတန်	၃	-	၁	ဆောက်သမ်တန်
ဖူလ်ဟမ်	၁	-	၂	မန်စီးတီး
နော့ဝှစ်ချ်	၂	-	၅	လီဗာပူး
ရီးဒင်း	၂	-	၂	နယူးကာဆယ်
စတုတ်စီးတီး	၂	-	၀	ဆွမ်ဆီး
ဆန်းဒါးလန်း	၁	-	၀	ဝီဂန်

နိုင်လင်းကြည်

အော်စကာဆုအတွက် စပိန် အသံတိတ်၊ ဖြူ-မည်းရုပ်ရှင်အား လျာထား

Blancanieves အမည်ရှိ အဖြူ-အမည်း၊ အသံတိတ် စပိန်ဒရမ်မာရုပ်ရှင်သည် (၈၅)ကြိမ်မြောက် အော်စကာရုပ်ရှင်ဆုအတွက် အကောင်းဆုံးနိုင်ငံခြားဘာသာရုပ်ရှင်ဆု ဆွတ်ခူးနိုင်လိမ့်မည်ဖြစ်ကြောင်း ကြာသပတေးနေ့က သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ အဖြူ-အမည်း၊ အသံတိတ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအနေဖြင့် မင်းသား မာရီဘယ်ဗာဒူနှင့် မင်းသမီး ဒယ်နီရယ် ဂျမ်မက်ဇ်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။ ယင်းဇာတ်ကားကို ယမန်နှစ်က Belle Epoch ဇာတ်ကားဖြင့် အော်စကာဆုရရှိထားခဲ့သူ စပိန်စာရေးဆရာ၊ ရုပ်ရှင်ထုတ်လုပ်သူ ဒါရိုက်တာ ဖာနန်ဒိုထရူဘာက ပုံဖော်ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး မှုခင်းဆိုင်ရာ သည်းထိတ်ရင်ဖို ဇာတ်ကားတစ်ကား ဖြစ်သည်။**(ယာပုံ)**

၎င်းဇာတ်ကားသည် ထိုက်တန်သော အောင်မြင်မှုများကိုလည်း ရရှိခဲ့ပြီး စပိန်ရုပ်ရှင်လောကအတွက် ပဉ္စမမြောက် အော်စကာ ရုပ်ရှင်ဇာတ်ကားဖြစ်လာမည်ဟု မျှော်လင့်ပါကြောင်း စပိန်ရုပ်ရှင် အကယ်ဒမီမှ ဥက္ကဋ္ဌ ဂိုနာလက်ဇ်မာကို က ပြောကြားခဲ့သည်။

အဆိုပါဇာတ်ကားသည် စပိန်နိုင်ငံ တောင်ပိုင်းမှ ဖြစ်ရပ်တစ်ခုကို ပြန်လည်ဆန်းသစ်ရိုက်ကူးထားခြင်းဖြစ်ပြီး ၎င်းဇာတ်ကားကို စပိန်နိုင်ငံရှိ ရုပ်ရှင်ရုံများတွင် စက်တင်ဘာ ၂၈ ရက်က စတင်ပြသကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့်

မင်းသမီး ဒိမ်း ဟယ်လန်အား ဥရောပရုပ်ရှင်အကယ်ဒမီက ဂုဏ်ပြုဆုချီးမြှင့်

ကမ္ဘာ့ရုပ်ရှင်လောကတွင် အောင်မြင်မှုများစွာ ရရှိခဲ့မှုအတွက် မင်းသမီး ဒိမ်း ဟယ်လန်မိုင်ရမ်ကို ဥရောပရုပ်ရှင်အကယ်ဒမီက ဂုဏ်ပြုချီးမြှင့်သည့် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတစ်ရပ်ကို ဥရောပတောင်ပိုင်း မယ်လ်တာတွင် ဒီဇင်ဘာ ၁ ရက်၌ ကျင်းပမည်ဖြစ်သည်။

အသက် (၆၇)နှစ်အရွယ်ရှိ မင်းသမီး ဒိမ်း ဟယ်လန်မိုင်ရမ်**(ဝဲပုံ)**သည် ၂၀၀၇ ခုနှစ်က ဒါရိုက်တာပီတာမော်ဂန်ရိုက်ကူးခဲ့သည့် The Queen ဇာတ်ကားဖြင့် အော်စကာရုပ်ရှင်ဆုကို ရရှိခဲ့ပြီး ၂၀၁၀ခုနှစ်တွင် ရုရှားစာရေးဆရာ တော်စတွိုင်း၏ ဇနီးအဖြစ် The Last Station ဇာတ်ကားတွင်လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် Hitchcock ဇာတ်ကားတွင် မစ္စစ်အန်တိုနီ ဟော့ပ်ကင်းအနေဖြင့် သရုပ်ဆောင်ရာတွင် လည်းကောင်း အော်စကာဆုအတွက် လျာထားခြင်းခံခဲ့ရသည်။

၎င်းသည် ဇာတ်ကားပေါင်းများစွာတွင် နာမည်ကောင်းဖြင့် ဂုဏ်သတင်းကျော်စောခဲ့သူဖြစ်သည်။

၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်က ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ် ပြိုင်ပွဲ ဖွင့်ပွဲတွင် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်ထံ ဒေါ်သက်သက်နိုင်က ငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းစဉ်။

(တင်းနစ်အဖွဲ့ချုပ်)


SHINE CONSTRUCTION CO.,LTD.
(Member of Shine Group of Companies)
Property Market
GOLDEN PARAMI
Luxurious Condominium
No.(5), Parami Road, Hlaing Township.
ASIA PACIFIC
Condominium
Alanpya Pagoda Road,Mingalartaungnyunt Township.
GOLDEN VIEW
Tower
No.(23), Corner of U Aung Myat Street & (123) Street,
Mingalartaungnyunt Township.
GRAND SHWE BON THAR
Condominium
Shwe Bon Thar Road(Middle Block),
Pabedan Township.
ROYAL ZORTIKA
Condominium
No.(206), Damaryone Street, Thingangyun Township.
SHWE HTAN PIN
Condominium
Kamaryut Township.
ZAYAR THIRI
Condominium
Zayar Thiri Street,
Kamaryut Township.
SHWE MYINT MO
Condominium
Pabedan Township.
STRAND Condominium
Kyauktada Township.
Housing Showroom :
No.29, Ground Floor, Gyo Phyu Street, Mingalar Taung Nyunt Township.
Hot Line : 01-377485, 01-385 340-4* Ext : (203, 204, 205)

(၄၅)နှစ်မြောက်မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဒေါ်ငွေးငွေးဦး [B.A.Hist, Tour Guide(Eng)Licensed,Dip in Leadership]၏ ၃၀-၉-၂၀၁၂ရက်တွင်ကျရောက်သောမွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ပျော်ရွှင်ချမ်းမြေ့သော မိသားစုများနှင့် အတူတကွ အများအကျိုး၊ သာသနာအကျိုးကို ထမ်းဆောင်နိုင်ပြီး အောင်မြင်မှုများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဖေဖေ-မေမေ - **ဦးမြင့်ဆွေ-ဒေါ်တင်စောဦး**
ကိုကြီး - **ဦးလှမြင့်ဦး-ဒေါ်နွယ်နီ(ကြယ်ပွင့်အလှပြုပြင်ရေး)**
မမ - **ဦးမြတ်ကျော်ကျော်(ညွှန်ကြားရေးမှူး)-ဒေါ်ဆွေဆွေလတ်**
ညီမငယ် - **ဦးမျိုးသင်း(MD,Banner Construction)-ဒေါ်သက်သက်ဦး**
ညီမထွေး - **မထွေးထွေးမင်း(ခေတ်သစ်ကျော်ဆောက်လုပ်ရေးနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)**

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

အခန်းငှားလိုသည်

အခန်းငှားလိုသည်။ (ဒု/တ)၊ အထပ်၊ ရန်ကင်း၊ ဗဟန်း၊ သုဝဏ္ဏ၊ မရမ်းကုန်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များ ဆက်သွယ်ရန် ဖုန်း-၀၉-၄၄၈၀၀၅၁၂၆ နှစ်ချုပ်နှင့် တစ်လလျှင် တစ်သိန်းခွဲမှ နှစ်သိန်းအထိ (အခန်းပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ရန်)





ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အနီးစခန်းအထက၊ ဒသမတန်း(A)မှ မောင်ကျော်မိုးနိုင်၏ ဖခင်အမည်မှန်မှာ ဦးဒါယာနာသ် ဖြစ်ပါသည်။



ပိုင်ရှင်ကိုယ်တိုင် ခြံအမြန်ရောင်းမည်

ဗဟန်းမြို့နယ်၊ သံလွင်လမ်း (ဂုတ်ခြံ) အကျယ်အဝန်း(၀.၂၄)ဧက ဈေးနှုန်း- ညှိနှိုင်းဈေး
ဆက်သွယ်ရန်
ဖုန်း-၀၉-၇၃၂၂၂၂၅၉



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ သာစုကန်စက်မှုဇုန်၊ မြေကွက်အမှတ်(၁၄၂)၊ ဧရိယာ(၃.၉၉)ဧကကို အမည်ပေါက် ဒေါ်တင်တင်ဦး[၁၂/ဗတထ(နိုင်)၀၂၅၃၂၂]၊ ဒေါ်ခင်ခင်စိုး[၁၂/ဗတထ(နိုင်)၀၃၂၄၆၀]၊ မြေကွက်အမှတ်(၁၄၃)၊ ဧရိယာ(၄.၁၇၇)ဧကကို အမည်ပေါက် ဒေါ်တင်တင်ဦး၊ ဒေါ်ဇင်မာစိုး[၁၂/ဗတထ(နိုင်)၀၀၃၃၀၃]နှင့် မြေကွက်အမှတ်(၁၄၄)၊ ဧရိယာ(၅.၈၅၇)ဧကကို အမည်ပေါက် ဒေါ်တင်တင်ဦး၊ ဦးဇေယျာထွန်း[၁၂/ဗတထ(နိုင်)၀၄၀၈၀၈]တို့ထံမှ ဦးဇော်ဝင်း[၉/မရမ(နိုင်)၀၀၁၆၂၄]က စာချုပ်စာတမ်းများဖြင့်ဝယ်ယူခဲ့ပြီး ဦးဇော်ဝင်းမှ မြေငှားစာချုပ်များထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

(၆၃)နှစ်မြောက် ကချင်ပြည်နယ်နေ့ မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ ပြည်သူ့ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဒေါက်တာသန်းထိုက်ဦး၊ ကချင်ပြည်နယ် ကချင်ရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဦးဒိန်ရအဖုန်နှင့် အများသိသာစေရန် ကြေညာချက်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ကချင်လူမျိုးများ၏ ရိုးရာမနောပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ရာ မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီကို အများဆန္ဒနှင့်အညီ ရွေးချယ်ပြီး စနစ်တကျဖွဲ့စည်းကာ ဥပဒေနှင့်အညီလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ အထူးသဖြင့် ငွေရေးကြေးရေးကိစ္စများကို စနစ်တကျသုံးစွဲနိုင်ရန် အလေးထားလျက် ဆပ်ကော်မတီများ အသီးသီးဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ကြပါသည်။

(၆၃)နှစ်မြောက် ကချင်ပြည်နယ်နေ့ မနောပွဲတော်ဖြစ်မြောက်ရေးအတွက် ကချင်ပြည်နယ်သူ၊ ပြည်နယ်သားများက စေတနာအလျောက် ရန်ပုံငွေများ ထည့်ဝင်ကြခြင်းဖြစ်ပါသည်။

အဆိုပါရန်ပုံငွေများကို ရန်ပုံငွေရှာဖွေရေးဆပ်ကော်မတီမှ လက်ခံစုဆောင်းပြီး ကမ္ဘောဇဘဏ်လီမိတက်တွင် ကော်မတီဥက္ကဋ္ဌ ဦးလအောင်၊ အတွင်းရေးမှူး ဦးဇော်နန်၊ ဘဏ္ဍာရေးမှူး ဒေါ်ဂျာနူး၊ (၃)ဦးအမည်ဖြင့် ငွေစာရင်းအမှတ် ၀၁၉၁၂၂၀၀၀၈၆၄၅ ဖြင့် စာရင်းသွင်းအပ်နှံထား၍ ဥပဒေနှင့်အညီ ပွဲတော်အတွက်ထုတ်ယူသုံးစွဲကာ ငွေစာရင်းများကိုလည်း စနစ်တကျတိတိကျကျပြုစုထားရှိခဲ့ကြပါသည်။(၆၃)နှစ်မြောက် ကချင်ပြည်နယ်နေ့ မနောပွဲတော် အောင်မြင်စွာ ကျင်းပပြီးစီးပြီးနောက်တွင် စာရင်းရှင်းလင်းပြီး လက်ကျန်ငွေများကို ကမ္ဘောဇဘဏ်တွင် ယနေ့တိုင် အပ်နှံထားရှိဆဲ ဖြစ်ပါသည်။

ပွဲတော်ကျင်းပရာ၌ မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ အရာရာဦးစီးကျင်းပခြင်းဖြစ်ပြီး ပွဲတော်ရန်ပုံငွေကိုလည်း မိမိကော်မတီ ဆုံးဖြတ်ချက်အရ စနစ်တကျသုံးစွဲကြပါသည်။ ပွဲတော်ကျင်းပရေးရန်ပုံငွေသည် ကချင်ရိုးရာယဉ်ကျေးမှုဗဟိုကော်မတီနှင့် သက်ဆိုင်ခြင်းမရှိသကဲ့သို့ ပြည်နယ်အစိုးရမှလည်း ရန်ပုံငွေကို ဝင်ရောက်စွက်ဖက်မှုမရှိခဲ့ပါ။

သို့သော် ၂၀၁၂ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်ထုတ် ပြည်သူ့လုပ်သားသတင်းစဉ် အတွဲ(၁) အမှတ်(၉)တွင် ပြည်သူ့ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဒေါက်တာသန်းထိုက်ဦးက **"ပြည်သူ့လုပ်သားသတင်းစဉ် အတွဲ(၁) အမှတ်(၉)တွင် ပြည်သူ့ဒီမိုကရေစီပါတီဥက္ကဋ္ဌသည် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကို လေးစားတန်ဖိုးထားမြတ်နိုးသော်လည်း ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းသည် ကချင်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဗဟိုကော်မတီ၏ ဘဏ္ဍာငွေများနှင့် လုပ်ငန်းဆောင်ရွက်ရန်ကိစ္စများကို ထိန်းချုပ်ထားသဖြင့် နိုင်ငံတော်သမ္မတကြီးထံ တင်ပြပြီ"** ဟူသော ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြခဲ့သည်။

အဆိုပါရေးသားဖော်ပြချက်များသည် ကချင်ပြည်နယ် ပြည်သူလူထုနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ကြားတွင်သော်လည်းကောင်း၊ ကချင်ရိုးရာယဉ်ကျေးမှုဗဟိုကော်မတီနှင့် ကချင်ရိုးရာမနောပွဲတော်ဖြစ်မြောက်ရေးကော်မတီအကြားတွင်သော်လည်းကောင်း၊ ကချင်ပြည်နယ်လူထုနှင့် မနောပွဲတော် ဖြစ်မြောက်ရေးကော်မတီအကြားတွင်သော်လည်းကောင်း အထင်အမြင်လွဲမှားမှုများကို ဖြစ်ပေါ်နေစေပါသည်။ ဖြစ်စဉ်အမှန်ကို သိရှိသော ကချင်ပြည်နယ်လူထုများက မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီအနေဖြင့် ယခုကဲ့သို့ မနောပွဲတော်ငွေကြေးနှင့်ပတ်သက်၍ မှားယွင်းရေးသားဖော်ပြချက်များကို ပြန်လည်ဖြေရှင်းရန် စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း တောင်းဆိုမှုများစွာရှိခဲ့ပါသည်။ (၆၃)နှစ်မြောက် ကချင်ပြည်နယ်နေ့ မနောပွဲတော် ကျင်းပရေးကော်မတီအနေနှင့်လည်း ဖြစ်ရပ်မှန်ကို အများပြည်သူသိရှိနိုင်ရန် ပြန်လည်ဖြေရှင်းသင့်သည်ဟု ၂၂-၉-၂၀၁၂ ရက်တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးဆုံးဖြတ်ချက်အရ ဤကြေညာချက်ကို ထုတ်ပြန်ခြင်းဖြစ်ပါသည်။

ဤကဲ့သို့ မမှန်မကန်ရေးသားဖော်ပြချက်များနှင့်ပတ်သက်၍ ရေးသားဖော်ပြသူများက-

၁။ အများပြည်သူသိရှိနိုင်သော နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် တောင်းပန်ရန်။
၂။ သက်ဆိုင်ရာများသို့ ကချင်ရိုးရာဓလေ့ထုံးစံအရ တောင်းပန်ရန်။
၃။ အဆိုပါတောင်းပန်မှုနှစ်မျိုးစလုံးကို ဤကြေညာချက်ထုတ်ပြန်သည့်နေ့မှစ၍ (၁၅) ရက်အတွင်း ဆောင်ရွက်ရန်။
၄။ ဆောင်ရွက်ခြင်းမရှိပါက တရားဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

(၆၃)နှစ်မြောက်ကချင်ပြည်နယ်နေ့မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးညွန့်မောင်
တရားလွှတ်တော်ရှေ့နေ(စဉ်/၁၇၈၂)
အကျိုးဆောင်ရှေ့နေများနားနေခန်း
ကချင်ပြည်နယ်တရားလွှတ်တော်ရုံးဝင်းအတွင်း
မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

[illegible]

ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးဝါး လုပ်ငန်းစက်ရုံ(ရန်ကုန်/မန္တလေး)မှ ပရေဆေးကုန်ကြမ်းများနှင့် ထုပ်ပိုးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ကုမ္ပဏီ/အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၁၀-၂၀၁၂ရက်

တင်ဒါပိတ်မည့်ရက် - ၁၅-၁၀-၂၀၁၂ရက် ၁၅း၀၀ နာရီ

တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာများတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

(၁) စက်ရုံမှူး
တိုင်းရင်းဆေးဝါး လုပ်ငန်းစက်ရုံ
အမှတ်(၁၀၀)၊ ငါးထပ်ကြီးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၅၅၆၅၀၀

(၂) စက်ရုံမှူး
တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံ
အကွက်(၄၀)၊ အိုးဘိုရွှေကျင်
ရပ်ကွက်၊ မန္တလေးမြို့
ဖုန်း- ၀၂ -၆၀၄၀၂

၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွင်း ဘွဲ့ယူကြမည့် မောင်မယ်များအတွက် သတင်းကောင်း

မြန်မာ့ကုန်တိုက်၊ ဘွဲ့ဝတ်စုံလုပ်ငန်းမှ ဘွဲ့ဝတ်စုံငှားရမ်းခြင်း၊ ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံ ပညာရေးကော်မတီမှ သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ ချုပ်လုပ်ထားသည့် အချိုးအစားကျသော ဘွဲ့ဝတ်စုံများကို ဈေးနှုန်းချိုသာစွာဖြင့် စိတ်တိုင်းကျ ရွေးချယ်ငှားရမ်း/ရောင်းချပေးနေပါသည်။ (တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်မှ လွဲ၍ ရုံးချိန်အတွင်း)

မြန်မာ့ကုန်တိုက်၊ ဘွဲ့ဝတ်စုံလုပ်ငန်း
အမှတ်-၄၄(ပထမထပ်)၊ ဗိုလ်ရွဲလမ်း၊
(ယခင်မောင်ခိုင်လမ်း)၊ လသာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၅၂၈၅၁၊ ၀၁-၃၈၆၉၃၁

ခြံရောင်းမည်

ပုသိမ်၊ ကြိုးတံတားအနီး၊ ပုသိမ်-ငွေဆောင်၊ ပုသိမ်-ချောင်းသာ လမ်း(၂)ခုစလုံး မျက်နှာစာဖြစ်ပါသည်။ ပိုင်ရှင်အမည်ပေါက် ဥယျာဉ်မြေ-အကျယ် ၁. ၆၅ ဧကခန့် ရှိပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၉၀၀၂၈၈၈

ရောင်းမည်/ငှားမည်

အင်းစိန်မြို့နယ်၊ ရွာမအရှေ့၊ သီရိမင်္ဂလာလမ်းသွယ်(၁၅)၊ မြေသက်သက်ပေ (၆၀×၅၀) အုတ်ခြံစည်းရိုးခတ်ပြီး မြေနှင့် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ လေဆိပ်ရိပ်သာလမ်းသွယ်(၃)၊ အုတ်ခြံစည်းရိုးခတ်ပြီးပေ(၄၀×၆၇) မြေသက်သက်ရောင်းမည်။ ပန်းဘဲတန်းမြို့နယ်(၂၉)လမ်းနှင့်အနော်ရထာလမ်းထောင့်(အဏ္ဏဝါမင်းတာဝါ) (၂၉လမ်းဘက်အခြမ်း) ၁၂ လွှာ၊ အကျယ်အဝန်း ပေ (၃၁×၄၅)ရှိ ဓာတ်လှေကားပါ ရေမီးအပြည့်အစုံ၊ တယ်လီဖုန်းပါ တိုက်ခန်းအား နှစ်ချုပ်ဖြင့် ငှားမည်။

ဖုန်း-၀၉ ၄၃၁၁၁၅၀၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂)၊ မြေကွက်အမှတ် (၁၁၆၄)၊ မြေကွက်တည်နေရာအမှတ်-(၁၁၆၄)၊ (၁၅၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဦးမြင့်သန်းအောင်[၁၀/မလမ(နိုင်)၀၁၅၄၉၈] အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးမြင့်သန်းအောင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် (၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂၈-၉-၂၀၁၂		
သမ္မတ	အလန်းလွန် အလွန်လန်း	
သွင်	အလန်းလွန် အလွန်လန်း	
မင်္ဂလာ	အလန်းလွန် အလွန်လန်း	
မင်္ဂလာ	SADAKO 3D	
နေပြည်တော်	THE RAID REDEMPTTION	
ရွှေဆောင်	SADAKO 3D	

ACADEMIC WEEKLY ဂျာနယ် Title Logo ပြိုင်ပွဲဖိတ်ခေါ်ခြင်း

ACADEMIC WEEKLY TITLE LOGO

Repeater

Fresher

09-5118647

09-73009869

09-73077351

2012 OCTOBER

Oct-1 75000

90000/-Oct-19

Slide Door

Ph:09-5053076

Yes!! English School

Always say Yes!! to English.

4 skill English classes

- Basic
- Elementary
- Intermediate
- Advanced
- IELTS,TOEFL, SAT

Starting On October

Ph : 511778, 09-73033648

The Romantic Wedding Fair

L.T.C. ရော်ဘာမျိုးများ ကြံ့ခိုင်တောင့်တင်းမှု

RRIM 2000

(L.T.C)

Tel: (01) 252388, 252183, 371762, 393070, HP: 09874209

COPYRIGHT CHO KYI THA

ခင်မောင်တိုး

ခွန်အားဖြည့်မိငယ်

ထွက်ပြီ

AUDIO CD

Living Fashion

ထွက်ပြီ

VITO Office Furniture

Interesting & Creative

RUBY MART

2nd ANNIVERSARY BAZAAR SALES

1.10.2012 To 9.10.2012

SINGING SHOW

at Level.5

6.10.12 & 7.10.12

UP TO 80% Off

LUCKY DRAW PROGRAM

Slip တစ်စောင်တည်းတွင် ကျပ် 30,000 ဖိုး ဝယ်ယူသူတိုင်းအတွက်

Lucky Draw Coupon (1) စောင် ရရှိနိုင်ပါပြီ

No. 294/304,Corner Of Pansodan Street & Bogyoke Street, Kyauktada Tsp,Yangon. Tel: +95-1-398246.

သယ်န်းကျွန်းဆိုင်သစ်ဖွင့်ပွဲနှင့် သီတင်းကျွတ်အထူးဈေးရောင်းပွဲတော်
(30% မှ 50% Discount)

သီတင်းကျွတ်ကာလ-

လူကြီးမိဘများအား ကန်တော့ရန်အတွက် အကောင်းဆုံးသော လက်ဆောင်ပစ္စည်းများကို သယ်န်းကျွန်းမြို့နယ်ရှိ သုမင်္ဂလာ ကျင်တဲကျိမ့် ကြွေထည်ပစ္စည်းအရောင်းဆိုင်တွင် ရရှိနိုင်ပါသည်။

